# မွန်လူ့ထုအသံ

The Mon Forum

HUMAN RIGHTS NEWSLETTER

အတွဲ (၃)၊ အမှတ် (၄)၊ ဩဂုတ်လ ၁၅၊ ၂၀၁၅ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်


## မှတ်ပုံတင်မရှိသူများ ၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးခွင့်ဆုံးရှုံးနိုင်



ဇွန် ၁၆၊ ၂၀၁၅

နိုင်ငံသားစိစစ်ရေးကဒ်ပြား(မှတ်ပုံတင်) ကိုင်ဆောင်ထားခြင်း မရှိသူများအနေဖြင့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးခွင့် ဆုံးရှုံးရဖွယ်ရှိကြောင်း မော်လမြိုင်ခရိုင်အုပ်ချုပ်ရေးမှူးနိုင်စိုးနိုင်က ပြောပါသည်။

▲ စာမျက်နှာ ၄ သို့

## အစိုးရစာသင်ကျောင်းများရှိ မွန်ဘာသာဆရာ/ ဆရာမများအား လုပ်ခလစာထောက်ပံ့ပေးရန် မိဘများ တောင်းဆို

ဇွန် ၁၉၊ ၂၀၁၅

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်ရှိ အစိုးရစာသင်ကျောင်းများမှ မွန်ဘာသာဆရာဆရာမများ၏ လုပ်ခလစာကို နိုင်ငံတော် အစိုးရက လုံလောက်စွာ ထောက်ပံ့ခြင်းမရှိသည့်အတွက် ဆရာဆရာမများ လစာရရှိရေးသည် ကျောင်းသားမိ



▲ စာမျက်နှာ ၃ သို့

## ဘုရားသုံးဆူမြို့နယ်ရှိ ကျေးရွာများတွင် ဝမ်းရောဂါဖြစ်ပွားခဲ့



ဇူလိုင် ၁၊ ၂၀၁၅

လွန်ခဲ့သော ရက်သတ္တပတ်များအတွင်း ထိုင်း–မြန်မာနယ်စပ် ဘုရားသုံးဆူမြို့နယ်အတွင်းရှိ ဂအုန်းဂူ (ကျုံကစီး) ကျေးရွာတွင် လူအယောက် (၄၀) ဝမ်းရောဂါ ခံစားခဲ့ရကြောင်းသိရသည်။

▲ စာမျက်နှာ ၂ သို့

## နေ့စားအလုပ်သမားရှားပါးခြင်းကြောင့် ကမာဝက်လယ်သမားများ စီးပွားရေးကျဆင်း



ဇူလိုင် ၂၄၊ ၂၀၁၅

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့နယ်ခွဲတွင် နေ့စားအလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်သူ ရှားပါးလျက်ရှိကြောင်း ဒေသခံလယ်သမားများ၏ ပြောကြားချက်အရ သိရှိရသည်။ အလုပ်သမားရှားပါးခြင်းပြဿနာကို ဖြေရှင်းရန်အတွက် လယ်သမားများအနေဖြင့် အထွက်နှုန်းကျဆင်းစေသည့် စိုက်ပျိုးရေးစနစ်ကို အသုံးပြုနေရကြောင်းလည်း သိရသည်။

ကမာဝက်မြို့နယ်ခွဲ ကလော့သော့ ကျေးရွာမှ နိုင်နေဝင်းက ယခုနှစ်ပိုင်းအတွင်း နေ့စားအလုပ်သမားများ ရှားပါးလျက်ရှိကြောင်း၊ စားဝတ်နေရေး အလွန်ခက်ခဲသော လူများသာ နေ့စားအလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်ကြကြောင်း ပြောကြားခဲ့သည်။

▲ စာမျက်နှာ ၁၆ သို့


မွန်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က အမျိုးသမီး စွမ်းရည်မြှင့်သင်တန်းကို ဆန်ခလပူရီတွင် နှစ်လတာဖွင့်လှစ် စာ–၅

တရားဥပဒေစိုးမိုးရေးနှင့် အကျဉ်းဦးစီးဌာနများတွင် အကျင့်ပျက်ခြစားမှုများ ဖြစ်ပွားနေ စာ–၆

အကျင့်ပျက်ခြစားမှုအပြင် အခွန်တိုးမြှင့်ကောက်ခံခြင်းကြောင့် မုဒုံမြို့လမ်းဘေးဈေးဆိုင်များ အမြတ်ငွေထိခိုက် စာ–၈

သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းအစစ် တကယ်ဖြစ်ရဲ့လား စာ–၁၀

စာမျက်နှာ – ၁ မှ အဆက်

# ဘုရားသုံးဆူမြို့နယ်ရှိ ကျေးရွာများတွင် ဝမ်းရောဂါဖြစ်ပွားခဲ့

ဇူလိုင် ၁၊ ၂၀၁၅

လွန်ခဲ့သော ရက်သတ္တပတ်များအတွင်း ထိုင်း–မြန်မာနယ်စပ် ဘုရားသုံးဆူမြို့နယ် အတွင်းရှိ ဂအုန်းဂူ (ကျုံကဝီး) ကျေးရွာတွင် လူအယောက် (၄၀) ဝမ်းရောဂါခံစားခဲ့ရ ကြောင်းသိရသည်။ ဂအုန်းဂူကျေးရွာသည် မွန်ပြည်သစ်ပါတီ၏ ထိန်းချုပ်နယ်မြေတွင် တည်ရှိပြီး အိမ်ထောင်စု (၈၀) စု ခန့်ရှိသည်။



ဝမ်းရောဂါသည် ဘုရားသုံးဆူမြို့နယ်အတွင်းရှိ ထားဝယ်စုနှင့် ဗဟိုချောင်းကျေးရွာရှိ လူနာ (၃) ဦးထံမှ စတင်ခဲ့သည်ဟု သိရပြီး ၎င်းလူနာများက ဂအုန်းဂူရှိ မွန်ပြည်သစ်ပါတီ၏ ဆေးပေးခန်းသို့ လာရောက်ပြသရာမှ ရောဂါစတင်ပျံ့နှံ့ခဲ့သည်။

ထားဝယ်စုနှင့် ဗဟိုချောင်းတွင် ကျေးရွာဆေးခန်း မရှိသဖြင့် ဂအုန်းဂူဆေးခန်းသို့ ရောက်ရှိရန် မိနစ် (၄၀) ကျော်ကြာ လမ်းလျှောက်ခဲ့ရသည်။ ဂအုန်းဂူဆေးခန်းသို့ လူနာများ ရောက်ရှိလာပြီး နောက်ပိုင်းတွင် ဝမ်းရောဂါ စတင်ပျံ့ပွားခဲ့သည်ဟု ရွာသူရွာသားများက သံသယဖြစ်ခဲ့ကြပြီး ဂအုန်းဂူ ကျေးရွာ၏ နွမ်းပါးချို့တဲ့သော အခြေအနေကြောင့် မသန့် ရှင်းသော အစားအစာနှင့် သောက်သုံးရေများ မှတဆင့် ကျေးရွာတစ်ခုလုံးသို့ ရောဂါကူး စက်ခဲ့သည်ဟု ထင်မြင်ကြသည်။

ဇွန်လ (၁၉) ရက်နေ့တွင် လူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်သော နယ်စပ် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ (Border Health Initiative – BHI) ၏ နယ်လှည့် ဆေးကုသရေးအဖွဲ့က ဂအုန်းဂူ ကျေးရွာသို့ သွားရောက်ခဲ့ပြီး ဆေးကုသမှုပြုလုပ်ခဲ့သည့် အပြင် ဝမ်းရောဂါပညာပေးရေးလုပ်ငန်းကို လည်း လုပ်ဆောင်ခဲ့သည်။

“ဝမ်းရောဂါဖြစ်နေတာ (၅) ရက် လောက်ရှိပြီလို့ကြားတယ်။ ကံကောင်းလို့လူ သေတာမျိုးတော့ မရှိဘူး။ အခုလည်း လူနာ အရေအတွက်က လျော့ကျလာပါပြီ” ဟု BHI ၏ အဖွဲ့ဝင်တစ်ဦးက ပြောပါသည်။

ဆင်းရဲနွမ်းပါးသော အခြေအနေနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာနည်းပါးမှုက ရောဂါပျံ့နှံ့မှုကို ပိုမိုဆိုးဝါးစေကြောင်း ၎င်းအဖွဲ့ ဝင်က ပြောပါသည်။

“ရွာသားတွေက ကျန်းမာရေး ဗဟုသုတ လုံးဝမရှိဘူး။ ရောဂါကို ဘယ်လို ကာကွယ်ရမယ်ဆိုတာ မသိဘူး။ ရွာက သန့် ရှင်းမှု သိပ်မရှိတာလည်းပါတယ်။ အိမ်သာ တွေ အလုံအလောက်မရှိဘူး။ အိမ်သာ တစ် လုံးကို အိမ် (၄) အိမ်က မျှသုံးနေတာမျိုး လည်း ရှိတယ်”ဟု ၎င်းက ပြောပါသည်။

ထိုသို့ဝမ်းရောဂါဖြစ်ပွားမှုကြောင့် ဘုရားသုံးဆူဒေသတွင် ကျန်းမာရေးနှင့်ပတ် သက်သော စိုးရိမ်ပူပန်မှုများ ရှိလာခဲ့သည်။ ဒေသခံများ၏ ပြောကြားချက်အရ လွန်ခဲ့ သောလတွင် ဝမ်းသွားခြင်းကြောင့် ဘုရား သုံးဆူတွင် လူ (၄) ဦး သေဆုံးခဲ့သော်လည်း ဒေသဆိုင်ရာကျန်းမာရေးဌာနက ရောဂါဖြစ် ပွားရသည့် အကြောင်းရင်းကို ထုတ်ပြန် ပြောဆိုခြင်းမရှိကြောင်း သိရသည်။

# ဘုရားသုံးဆူမှ ကျောင်းသားကျောင်းသူများ အစာအဆိပ်သင့်မှုနှင့် သွေးလွန်တုပ်ကွေးရောဂါ ခံစားခဲ့ရ

ဇွန် ၁၉၊ ၂၀၁၅
အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်

ထိုင်း–မြန်မာနယ်စပ်မြို့တစ်မြို့ဖြစ် သော ဘုရားသုံးဆူမြို့မှ အထက်တန်း ကျောင်းသူ ကျောင်းသားများအနေဖြင့် ရုတ်တရက် အစာအဆိပ်သင့်မှုနှင့် သွေးလွန် တုပ်ကွေးရောဂါများကို ခံစားနေရကြောင်းသိ ရသည်။

မူးဝေခြင်း၊ အော့အန်ခြင်းနှင့် ဝမ်း သွားခြင်းများ ခံစားရပြီးနောက် ကျောင်းသား ကျောင်းသူအများအပြားကို ဆေးရုံသို့ပို့ဆောင် ခဲ့ရပြီး ကျောင်းသားမိဘများက ကျောင်းမုန့် ဈေးတန်းအတွင်း ရောင်းချနေသည့် မသန့်ရှင်း သော အစားအစာများကြောင့် ထိုသို့ဖြစ်ရခြင်း ဟု ထင်မြင်ကြသည်။

“ကျွန်မသားက ကျောင်းမုန့်ဈေး တန်းမှာရောင်းတဲ့ အသုပ်ကို စားမိတာ။ အဲ နောက် အန်လို့ ဖျားလို့ဆိုပြီး အိမ်ပြန်လာ ရတယ်။ ကျောင်းက ပြန်မလာခင်အထိတော့ သူနေမကောင်းဖြစ်တာ မကြားမိပါဘူး။ နောက်တော့ ကျွန်မပါ ကိုယ်ပူလာတော့ နှစ်ယောက်လုံး ဆေးရုံသွားလိုက်ရတယ်” ဟု ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဒေါ်နန်း လှဦးက ပြောပါသည်။

ဘုရားသုံးဆူရှိ ကျောင်းသား ကျောင်းသူ အများအပြားမှာ သွေးလွန်တုပ် ကွေးရောဂါလက္ခဏာဖြစ်သော ကိုယ်အပူချိန် မြင့်မားခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်လုံးအောင့် ခြင်း၊ အရိုးအဆစ်နှင့် ကြွက်သားများ နာကျင် ခြင်း၊ အော့အန်ခြင်းများကို ခံစားနေကြရ သည်။

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း တွင် ဇွန်လနှောင်းပိုင်းနှင့် ဇူလိုင်လများ၌

စာမျက်နှာ ၃ သို့

▲ စာမျက်နှာ – ၂ မှ အဆက်

သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များခဲ့ပြီး ကလေးငယ်အများအပြား ရောဂါခံစားခဲ့ရသည်။

ဘုရားသုံးဆူရှိ အထက်တန်းကျောင်းတွင် ကျန်းမာရေးပညာပေးမှု အားနည်းခြင်းကြောင့် ယခုကဲ့သို့ ရောဂါဖြစ်ပွားရခြင်းဖြစ်ကြောင်း သုံးသပ်ကြသည်။ မွန်ကျန်းမာရေးလုပ်သားတစ်ဦး၏ ပြောကြားချက်အရ ဘုရားသုံးဆူအစိုးရအနေဖြင့် ယခုနှစ်တွင် စာသင်ကျောင်းများ၌ ကျန်းမာရေးပညာပေးမှု လုပ်ဆောင်ခြင်း မရှိကြောင်းသိရသည်။

''ကျွန်တော်/မတို့ကျောင်းမှာ ကျန်းမာရေးလာစစ်ဆေးတာ၊ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဟောပြောပွဲတွေ လုပ် တာ တစ်ခါမှ မတွေ့ဖူးဘူး''ဟု ငါးတန်းကျောင်းသား/သူတစ်ဦးက ပြောပြပါသည်။

အခြားမြို့ရှိ ဒေသများတွင် အစိုးရ ကျန်းမာရေးဌာနက ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောမှုများ ပြုလုပ်နိုင်သော်လည်း ဆေးဝါးထောက်ပံ့မှု မရှိပေ။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန်အတွက် ဘုရားသုံးဆူမြို့တစ်ခုလုံး ကိုခြင်ဆေးဖျန်းရမည်ဖြစ်ပြီး လက်ရှိအချိန်တွင် သွေးလွန်တုပ်ကွေး ရောဂါလက္ခဏာခံစားရပါက နီးစပ်ရာ ဆေးရုံဆေးခန်းသို့ အမြန်ဆုံးသွားရောက်ကြရန် ၎င်းကျန်းမာရေးလုပ်သားက အကြံပြုထားသည်။

# အစိုးရစာသင်ကျောင်းများရှိ မွန်ဘာသာဆရာဆရာမများအား လုပ်ခလစာထောက်ပံ့ပေးရန် မိဘများ တောင်းဆို

ဇွန် ၁၉၊ ၂၀၁၅

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်ရှိ အစိုးရစာသင်ကျောင်းများမှ မွန်ဘာသာဆရာဆရာမများ၏ လုပ်ခလစာကို နိုင်ငံတော်အစိုးရက လုံလောက်စွာ ထောက်ပံ့ခြင်း မရှိသည့်အတွက် ဆရာဆရာမများ လစာရရှိရေးသည် ကျောင်းသားမိဘများအတွက် ဝန်ပိလာစေပါသည်။

၂၀၁၄–၁၅ ပညာသင်နှစ်မှစ၍ မွန်ပြည်နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများတွင် မွန်စာပေကို သင်ကြားခွင့်ပြုခဲ့သည့်အချိန်မှစပြီး ကျောင်းသားမိဘများအနေဖြင့် ကျောင်းစာသင်ခန်းနှင့် ဆရာဆရာမများ၏ လုပ်ခလစာအတွက် ထောက်ပံ့မှုများ ပြုလုပ်နေခဲ့ရကြောင်း သိရသည်။

လွှတ်တော်အမတ် 'နိုင်နိုင်း' ၏ ပြောကြားချက်အရ မူလတန်းကျောင်းများတွင် သင်ကြားနေသော မွန်ဘာသာဆရာဆရာမများအတွက် စာသင်ချိန် (၁) နာရီလျှင် ထောက်ပံ့ ကြေး (၅၀၀) ကျပ်သာ ပေးအပ်ထားကြောင်း သိရသည်။ လက်ရှိတွင် မူလတန်းဆရာ/ဆရာမတစ်ဦး၏ လစာသည် ကျပ်တစ်သိန်းနီးပါး ရှိသည်။

''လစာကအတော်လေး နည်းပါတယ်။ လစာထပ်တိုးပေးဖို့ ကျွန်တော်တို့က တောင်းဆိုပေမယ့် အစိုးရက သဘောမတူဘူး။ အဲဒီအစား မွန်ဘာသာဆရာဆရာမတွေရဲ့ လစာကို သက်ဆိုင်ရာဒေသက ကျောင်းသားမိဘများက တာဝန်ယူနေရတယ်''ဟု ယင်းက ပြောပါသည်။

သံဖြူဇရပ်မြို့နယ် ပညာရေးဥက္ကဋ္ဌ နိုင်တင်ဝင်း၏ ပြောကြားချက်အရ အချို့ကျေးရွာများတွင် အစိုးရလစာပုံမှန်ရရှိနေသော ဆရာဆရာမများက မွန်စာပေကို သင်ကြားပေးနိုင်သဖြင့် ပြဿနာပြေလည်သော်လည်း မွန်စာပေသင်ကြားပေးနိုင်သည့် ဆရာ ဆရာမများမရှိသည့် စာသင်ကျောင်းများတွင် မွန်ဆရာဆရာမများကို သီးခြားခန့်အပ်ထားရသည်။



ဤကဲ့သို့သော ကျောင်းများတွင် ထပ်မံခန့်အပ်ထားသော မွန်ဆရာဆရာမများ၏ လုပ်ခလစာအတွက် ဘဏ္ဍာငွေ လိုအပ်ချက်များရှိလာသည်။

''ကျောင်းတိုင်းက ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားနေရတယ်'' ဟု 'နိုင်တင်ဝင်း' က ပြောပါသည်။

သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာတွင် မွန်စာပေသင်ကြားသော ဆရာဆရာမများ၏ လုပ်ခလစာ ထောက်ပံ့ရန်အတွက် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် တစ်နှစ် ကျပ်ငွေ (၁၅၀) ပေးအပ်ရန် ကျောင်းအုပ်ကြီးက သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဝဲကလိရွာသားတစ်ဦးဖြစ်သူ 'နိုင်ထွန်း' က ''ကျောင်းအုပ်ကြီးက ကျောင်းသားမိဘတွေကို အစည်းအဝေးခေါ်ပြီးတော့ ဆရာ/ဆရာမ လစာရန်ပုံငွေအတွက် အဖွဲ့တစ်ဖွဲ့ ဖွဲ့ခဲ့တယ်။ ဒါပေမယ့် ဘယ်သူမှ တာဝန်မယူချင်ကြဘူး။ ဒါကြောင့် ကျောင်းအုပ်က ကျောင်းသား (၁) ယောက်ကို တစ်နှစ် (၁၅၀၀) ကျပ်ပေးရမယ်လို့ ဆုံးဖြတ်လိုက်တာ။ အစိုးရက မွန်စာပေသင် ကြားဖို့ပဲခွင့်ပြုပြီး ငွေကြေးမထောက်ပံ့တာတော့ မတရားဘူးလို့ထင်တယ်'' ဟု ပြောပါသည်။

မွန်စာပေသင်ကြားရေးတွင် ဆရာဆရာမများ၏ လုပ်ခလစာသည် ကျောင်းသားမိဘအတွက် အခက်အခဲ တစ်ခုဖြစ်နေသကဲ့သို့ အစိုးရ၏ မွန်စာပေသင်ရိုးညွှန်းတမ်းအသစ် ကလည်း ကျောင်းသားကျောင်းသူများအတွက် စိန်ခေါ်မှုတစ်ခု ဖြစ်နေသည်။

အစိုးရ၏ မွန်စာပေသင်ရိုးညွှန်းတမ်းအသစ်သည် ကျောင်းသား ကျောင်းသူများအတွက် အလွန်ခက်ခဲနေသည့်အပြင် မွန်ဘာသာအတွက် စာမေးပွဲကျင်းပဖြေဆိုခွင့်ကို လည်း အစိုးရက ခွင့်မပြုချေ။

▲ စာမျက်နှာ – ၁ မှ အဆက်

# မှတ်ပုံတင်မရှိသူများ ၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးခွင့်ဆုံးရှုံးနိုင်

ဇွန် ၁၆၊ ၂၀၁၅

နိုင်ငံသားစိစစ်ရေးကဒ်ပြား (မှတ်ပုံတင်) ကိုင်ဆောင်ထားခြင်း မရှိသူများအနေဖြင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့် ဆုံးရှုံးရဖွယ်ရှိကြောင်း မော်လမြိုင်ခရိုင်အုပ်ချုပ်ရေးမှူး 'နိုင်စိုးနိုင်' က ပြောပါသည်။



ဤအချက်သည် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နေထိုင်လျက်ရှိသော မွန်လူမျိုး နှစ်သောင်းခန့်အပြင် မွန်ပြည်နယ် မော်လမြိုင်ခရိုင်နှင့် ရေးမြို့နယ် တောင်ပိုင်းရှိ ကျေးရွာ (၂၇) ရွာရှိ မွန်လူမျိုးများ၏ မဲပေးပိုင်ခွင့်ကိုလည်း ဆုံးရှုံးစေမည်ဖြစ်သည်။

မဲစာရင်းများယွင်းမှုများ အများအပြားဖြစ်ပေါ်နေခြင်း၊ ပြည်သူများက မဲစာရင်း စစ်ဆေးရန် စိတ်ဝင်စားမှု အားနည်းခြင်းတို့ကြောင့် မဲစာရင်းတွင် မဲပေးနိုင်သူအမြောက်အမြား ကျန်ခဲ့ရဖွယ်ရှိသည်။ အချို့ဒေသများ၌ မဲစာရင်းတွင် မိသားစုလိုက် မပါဝင်မှုများရှိနေသည်။

နိုင်စိုးနိုင်အနေဖြင့် မဲစာရင်းများယွင်းမှုနှင့် မဲစာရင်းတွင် မပါဝင်မှုများနှင့်ပတ်သက်၍ စိုးရိမ်နေပြီး မဲစာရင်းများယွင်းမှုကြောင့် နောင်လာမည့်အစိုးရတွင် မွန်လူမျိုးများ၏ ပါဝင်ကိုယ်စားပြုခွင့် ထိခိုက်မည်ကို ပူပန်လျက် ရှိသည်။

''တနင်္သာရီတိုင်းမှာ မဲပေးနိုင်တဲ့ (မွန်) လူဦးရေ (၆) သောင်းကျော်ရှိတယ်။ လာမယ့်ရွေးကောက်ပွဲမှာ အဲဒီဒေသအတွက် မွန်ကိုယ်စားလှယ်တစ်ယောက်ရဖို့ မျှော်လင့်ပါတယ်''ဟု ပြောပြခဲ့သည်။

သို့သော် မွန်လူမျိုးအများအပြားမှာ မဲစာရင်းတွင် ပါဝင်နေခြင်းမရှိသဖြင့် လွှတ်တော်တွင် မွန်အမတ်များ၏ ကိုယ်စားပြုမှုကို ထိခိုက်ဖွယ်ရှိသည်။

မဲစာရင်းတွင် မပါဝင်သူများ အများစုမှာ မှတ်ပုံတင်ကပ်ပြားမရှိသူများဖြစ်ပြီး ယင်းတို့အနေဖြင့် မဲပေးခွင့် ရရှိမည်မဟုတ်ချေ။

''သူတို့အနေနဲ့ မဲပေးခွင့်ရမှာ မဟုတ်ဘူး။ ဒီကိစ္စကို အစိုးရက သိသလား၊ သိလျက်နဲ့ မဖြေရှင်းတာလားဆိုတာ မပြောတတ်ဘူး။ ကျွန်တော့်အမြင်ကတော့ ဒီကိစ္စ ပြေလည်ဖို့ လူဝင်မှုကြီးကြပ်ရေးဌာနက တစ်ခုခု လုပ်ပေးသင့်တယ်၊ ဒါမှ ပြည်သူတွေလည်း မဲပေးခွင့်ရမယ်။ ဒီလိုမှမဟုတ်ဘူးဆိုရင်တော့ လာမယ့်ရွေးကောက်ပွဲကို ကျွန်တော်တို့ ယုံကြည်မှုရှိမှာမဟုတ်ဘူး''ဟု ယင်းက ဆက်ပြောပါသည်။

# မွန်ပြည်နယ်တောင်ပိုင်း ငြိမ်းချမ်းစေရန် မွန်ပြည်သစ်ပါတီက လုပ်ဆောင်မည်

ဇူလိုင် ၁၅၊ ၂၀၁၅

မွန်ပြည်သစ်ပါတီက အမည်မဖော်လိုသူအဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ မွန်ပြည်နယ် ရေးမြို့နယ် တောင်ပိုင်းနှင့် ရေဖြူမြို့နယ်မြောက်ပိုင်းတွင် ကျင်လည်ကျက်စားနေသော ခွဲထွက်လက်နက်ကိုင်အဖွဲ့များကို နှိမ်နင်းရာတွင် ဒေသခံ ပြည်သူလူထုက ပူးပေါင်းပါဝင်ပါက ယင်းဒေသများ၏ ငြိမ်းချမ်းရေးကို မွန်ပြည်သစ်ပါတီက ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဒေသများတွင် ကျင်လည်ကျက်စားနေသော ခွဲထွက်လက်နက်ကိုင် ခေါင်းဆောင်တစ်ဦးကို မွန်ပြည်သစ်ပါတီက အသေဖမ်းဆီးရမိပြီးနောက်ပိုင်း ပါတီဝင်တစ်ဦးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လ (၇) ရက်နေ့ နံနက်တွင် ဒေသခံတို့၏ သတင်းပေးပို့ချက်အရ မွန်ပြည်သစ်ပါတီ၏ လက်နက်ကိုင်တပ်ဖြစ်သော မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်က ခွဲထွက်မွန်ခွဲထွက်လက်နက်ကိုင်အဖွဲ့တဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ 'နိုင်ချမ်းဒိန်း'ကို အသေဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် ယင်းတပ်ဖွဲ့ထံမှ လက်နက် ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် အခြားသော တရားမဝင်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။



'နိုင်ချမ်းဒိန်း'အဖွဲ့သည် မွန်ပြည်နယ် တောင်ပိုင်းတွင် (၁၅) နှစ်ကြာ လှုပ်ရှားခဲ့သော အဖွဲ့ဖြစ်သည်။ သို့သော် အမည်မဖော်လိုသူ မွန်ပြည်သစ်ပါတီ၏ ပြောကြားချက်အရ မွန်ပြည်ပြန်လည်ထူထောင်ရေးတပ်ဖွဲ့သည် မှည့်ခေါ်ထားသည့် အမည်နာမနှင့် လျော်ညီသော လမ်းစဉ်ကိုမကျင့်သုံးဘဲ ဓားပြတိုက်ခြင်း၊ ပြန်ပေးဆွဲခြင်းဖြင့် ဒေသခံပြည်သူလူထုကို အကြိမ်ကြိမ် ဒုက္ခပေးခဲ့ကြောင်း သိရသည်။

'နိုင်ချမ်းဒိန်း'အဖွဲ့အနေဖြင့် ရေးမြို့နယ် တောင်ပိုင်းတွင် ကာလကြာရှည်စွာ လှုပ်ရှားခဲ့သော်လည်း သက်ဆိုင်ရာ နယ်မြေတပ်ရင်းဖြစ်သော အမှတ် (၂၉၉) ခြေမြန်

▲ စာမျက်နှာ ၅ သို့

# တိုးတက်သောမွန်လူငယ်များအစည်းအရုံးက အမျိုးသမီးစွမ်းရည်မြှင့်သင်တန်းကို ဆန်ခလပူရီတွင် နှစ်လတာ ဖွင့်လှစ်

ဇူလိုင် ၁၆၊ ၂၀၁၅
အမျိုးသမီးနှင့်ကလေးအခွင့်အရေး အစီအစဉ်

၂၀၁၅ ခုနှစ် ဇွန်လ (၂၉) ရက်နေ့တွင် တိုးတက်သောမွန်လူငယ်များအစည်းအရုံးက မွန်ပြည်သစ်ပါတီနှင့် ပူးပေါင်း၍ နှစ်လတာကြာမြင့်သော အမျိုးသမီးစွမ်းရည်မြှင့်သင်တန်းတစ်ခုကို ထိုင်းနိုင်ငံ၊ ဆန်ခလပူရီ၌ဖွင့်လှစ်ခဲ့သည်။

အသိပညာဗဟုသုတနှင့် ခေါင်းဆောင်မှုအရည်အသွေးကို မြင့်မားစေခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းရည်ကို မြှင့်တင်ရန် ရည်ရွယ်ထားသော အဆိုပါသင်တန်းသို့ မွန်ပြည်နယ်အရပ်ရပ်မှ အသက် (၁၅) နှစ်မှ (၃၅) နှစ်ကြားရှိ အမျိုးသမီး သင်တန်းသူ (၁၅)ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းကာလအတွင်း လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် လိင်ခွဲခြားမှုပပျောက်ရေးအပါအဝင် အကြောင်းအရာ (၈) မျိုးကို အဓိကထား သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းတွင် မဖြစ်မနေ လိုက်နာရမည့်အချက်မှာ သင်တန်းသူများအနေဖြင့် ယင်းတို့သင်ယူခဲ့သော အကြောင်းအရာကို အချင်းချင်းဆွေးနွေးငြင်းခုံရခြင်း ဖြစ်ကြောင်း တိုးတက်သောမွန်လူငယ်များအစည်းအရုံးက ပြောပါသည်။

မွန်ပြည်နယ် ဒေသအသီးသီးမှ အမျိုးသမီးများ ပါဝင်လာစေရန်အတွက် ခက်ခက်ခဲခဲ ကြိုးစားလုပ်ဆောင်ခဲ့ရကြောင်း တိုးတက်သောမွန်လူငယ်များအစည်းအရုံးအဖွဲ့ဝင်တစ်ဦးက ပြောပြခဲ့ပါသည်။ သင်တန်းသူများကို ရေး၊ မုဒုံ၊ သံဖြူဇရပ်၊ ဖားအံ၊ ပေါင်နှင့် ဘီလူး ကျွန်းမြို့နယ်များမှ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဒေသများမှ အမျိုးသမီးများသည် စွမ်းရည်မြှင့်သင်တန်းများကို တက်ရောက်ခွင့် နည်းပါးလွန်းလှသောကြောင့် ယခုကဲ့သို့စီစဉ်ရခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ဝင်က ပြောပါသည်။

သင်တန်းသူများ၏ ပညာအရည်အချင်းများမှာလည်း အမျိုးမျိုးရှိပြီး စတုတ္ထတန်းမှ တက္ကသိုလ်ပထမနှစ်အထိ ပါဝင်သည်။

တိုးတက်သောမွန်လူငယ်များ အစည်းအရုံး၏ သင်တန်းစီစဉ်သူ မိပကားမရွတ်ဆွမ်းက ''သင်တန်းသူ ရွေးတဲ့နေရာမှာ ဒေသမတူတဲ့သူတွေ၊ အရင်က သင်တန်းတစ်ခါမှမပေးရသေးတဲ့ဒေသက လူတွေကို အဓိကထား ရွေးပါတယ်။ သင်တန်းသူတွေက လူသစ်တွေဖြစ်နေတော့ သင်ကြားတဲ့ ဘာသာတွေက နားလည်ဖို့ အခက်အခဲတွေတော့ ရှိတာပေါ့။ ဘယ်လိုအရည်အချင်းတွေရှိမှ စွမ်းရည်မြှင့်သင်တန်းကို တက်ခွင့်ရှိမယ်ဆိုတဲ့ သတ်မှတ်ချက်မျိုးတော့ မရှိပါဘူး။ သင်တန်းကို စိတ်ဝင်စားပြီး ကိုယ့်ရပ်ရွာအကျိုးကို သယ်ပိုးချင်တဲ့ အမျိုးသမီးတွေကို ကျွန်မတို့က အားပေးကူညီတာပါ။ ဒီနှစ်လ သင်တန်းပြီးတဲ့အခါမှာ သင်တန်းသူတွေက သူတို့ရပ်ရွာကိုပြန်ပြီး သူတို့အကြိုက်ဆုံးဘာသာရပ်ကို ရက်ပိုင်းလောက် သင်တန်းပြန်ပေးရမှာပါ။ သူတို့သင် တန်းပေးပြီးတဲ့အခါမှာ ကျွန်မတို့က ပြန်လည် လေ့လာသုံးသပ်မှုတွေ ပြုလုပ်သွားမယ်'' ဟု ရှင်းပြခဲ့ပါသည်။

''အသိပညာ ဗဟုသုတတွေ အများကြီးရလို့ ဒီစွမ်းရည်မြှင့်သင်တန်းကို စိတ်ဝင်စားတာပါ။ အခုဆို သင်တန်းတက်တာ နှစ်ပတ်ရှိပြီ။ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနဲ့ လိင်ခွဲခြားမှုပပျောက်ရေးအကြောင်းတွေ သင်ပြီးပြီ။ အမျိုးသမီးနဲ့ကလေးအခွင့်အရေးအစီအစဉ်ကနေ ကျွန်မတို့ကို အမျိုးသမီးအခွင့်အရေးနဲ့ လိင်ခွဲခြားမှုပပျောက်ရေးအကြောင်း လာသင်ပေးတယ်၊ အကြောင်းအရာအားလုံးကို စိတ်ဝင်စားပါတယ်၊ ဒီသင်တန်းကို တက်ခွင့်ရလို့အရင်ကမသိသေးတဲ့ အကြောင်းအရာတွေ အခွင့်အရေးတွေ သိလာတယ်'' ဟု သံဖြူဇရပ်မြို့နယ် ကြာကန်ရပ်ကွက်မှ သင်တန်းသူ မိမိုချမ်းက ပြောပြပါသည်။

တိုးတက်သောမွန်လူငယ်များအစည်းအရုံးကို ၂၀၀၁ ခုနှစ် နိုဝင်ဘာလ (၁၈) ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး ဒီမိုကရေစီအရေးနှင့် မွန်အမျိုးသားလွတ်မြောက်ရေးတို့ကို အားပေးကူညီရန် ရည်ရွယ်ချက်ထားရှိခဲ့သည်။ အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးပြီး ခိုင်မာအားကောင်းသော လူအဖွဲ့အစည်းကိုတည်ဆောက်ရန်၊ မွန်စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် မွန်လူငယ်များအကြား စည်းလုံးညီညွတ်မှု ခိုင်မာစေရန် ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ လုပ်ငန်းအောင်မြင်ရန်အတွက် နှစ်စဉ်နှစ်လ သို့မဟုတ် သုံးလကြာ သင်တန်းစီစဉ်ဖွင့်လှစ်လျက်ရှိသည်။

▲ စာမျက်နှာ – ၄ မှ အဆက်

တပ်ရင်းက အရေးယူမှုမရှိသည်ကို ကြည့်ခြင်းအားဖြင့် ယင်းတပ်ရင်း၏ အထောက်အပံ့ကို ရရှိထားဖွယ်ရှိကြောင်း ရွာသားများက ပြောဆိုကြသည်။

''အမှတ် (၂၉၉) ခြေမြန်တပ်ရင်းက ကျွန်တော်တို့အနားမှာပဲ အခြေချထားတာ၊ ချမ်းဒိန်းအဖွဲ့ကလည်း ကျွန်တော်တို့ဒေသနဲ့ ကိုးမိုင်၊ ကလော့နဲ့ ဟံဂံရွာတွေဘက်မှာ လှုပ်ရှားနေတာ။ အဲတော့ ဘာလို့ အမှတ် (၂၉၉) တပ်ရင်းက သူတို့ကို မရှင်းတာလဲ''ဟု ကိုးမိုင်ရွာသားတစ်ဦးဖြစ်သူ 'နိုင်…'က ပြောကြားခဲ့သည်။

''အခုတော့ အဲအဖွဲ့ကို မွန်ပြည်သစ်ပါတီက ရှင်းလိုက်ပါပြီ။ ဒါပေမယ့် တစ်ခြားအဖွဲ့တွေတော့ ကျန်နေသေးတာပဲ။ ကျွန်တော်တို့ ခြံရှင်တွေဆိုရင် အလုပ်လုပ်တုန်းမှာ အတော်သတိထားနေရတယ်''ဟု ၎င်းက ဆက်ပြောပါသည်။

ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ရရှိပါက မွန်ပြည်သစ်ပါတီက ၎င်းဒေသအတွင်း လှုပ်ရှားနေသော လက်နက်ကိုင်အဖွဲ့ငယ်များကို အချိန်တိုအတွင်း ရှင်းလင်းနိုင်မည် ဖြစ်ကြောင်း အမည်မဖော်လိုသူ ပါတီဝင်တစ်ဦးက ပြောကြားခဲ့သည်။

သို့ရာတွင် ဒေသတွင်း လှုပ်ရှားနေသော လက်နက်ကိုင်အဖွဲ့ငယ်များကို မွန်ပြည်သစ်ပါတီက ရှင်းလင်းပေးမည်ဟူသော စည်းရုံးချက်ကြောင့် ဆန့်ကျင်ဘက်ဆိုးကျိုးများဖြစ်ပေါ်လာပြီး ငြိမ်းချမ်းရေးထက် နယ်မြေမတည်ငြိမ်ရေးဖြစ်ပွားလာမည်ကို ရွာသူရွာသားများက စိုးရိမ်နေကြသည်။

''ကျွန်တော်တို့က ချမ်းဒိန်းအဖွဲ့နဲ့ သူတို့နဲ့ပူးပေါင်းနေတဲ့ အဖွဲ့တွေကြောင့် အတော်စိတ်ပူခဲ့ရတယ်။ ခုချမ်းဒိန်းက သေသွားပြီဆိုတော့ သူ့အဖွဲ့က ကျွန်တော်တို့ကို ရန်ရှာမှာကို စိုးရိမ်ရတယ်။ မွန်ပြည်သစ်ပါတီက ကျွန်တော်တို့ကို ကာကွယ်ဖို့ လုပ်နေတယ်ဆိုပေမယ့် လယ်တွေခြံတွေ သွားတဲ့အခါမှာ သတိထားဖို့တော့လိုမယ်''ဟု အသက် (၅၄) နှစ်အရွယ်ရှိ 'နိုင်…'က ပြောကြားခဲ့သည်။

# တရားဥပဒေစိုးမိုးရေးနှင့် အကျဉ်းဦးစီးဌာနများတွင် အကျင့်ပျက်ခြစားမှုများ ဖြစ်ပွားနေ

ဇူလိုင် ၁၄၊ ၂၀၁၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ရဲအရာရှိဝန်ထမ်းများအနေဖြင့် မလျော်ကန်သော အပြုအမူများနှင့် အကျင့်ပျက် လာဘ်စားမှုများကို ကျူးလွန်လျက်ရှိကြောင်း မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံရသူ၏ ဆွေမျိုးသားချင်းတစ်ဦးက ပြောဆိုပါသည်။

ဖမ်းဆီးခံရသူ 'နိုင်အမိုင်' ၏ ဆွေမျိုးသားချင်းဖြစ်သူ 'နိုင်....'က ဒေသခံ ရဲဝန်ထမ်းများအနေဖြင့် 'နိုင်အမိုင်'အား လုပ်ကြံဖန်တီးထားသော မူးယစ်ဆေးဝါးကုန်သွယ်မှုဖြင့် ခြိမ်းခြောက်၍ ယင်းနှင့်ယင်း၏ ဇနီးထံမှ လာဘ်ငွေရရှိရန် လုပ်ဆောင်ခဲ့ ကြောင်း ပြောဆိုပါသည်။

နိုင်အမိုင်ကို လွန်ခဲ့သော နှစ်ပတ်ခန့်က သံဖြူဇရပ်မြို့နယ် ထင်းရှူးကျေးရွာရှိ ယင်း၏နေအိမ်တွင် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။ နေအိမ်ကို ဝင်ရောက်ရှာဖွေချိန်တွင် တရားမဝင်မူးယစ်ဆေးပြား(၆၀)ခန့်ကို သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးပြီး ရက်အနည်းငယ်အကြာတွင် တရားရုံးတွင် အမှုဖွင့် စစ်ဆေးရန် စီစဉ်ခဲ့သည်။

အမှုစတင်စစ်ဆေးရန် စီစဉ်နေချိန်အတွင်း လာရောက်ဖမ်းဆီးသော ရဲအရာရှိက ယင်း၏ လက်ထောက်ဝန်ထမ်းကို နိုင်အမိုင်အိမ်သို့ စေလွှတ်၍ လက်ရှိဖြစ်ပွားနေသော အမှုကို မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုအစား ( ပြစ်ဒဏ်ပိုမိုကြီးမားသော ) မူးယစ်ဆေးဝါး ကုန်သွယ်မှုအဖြစ် အမှုဖွင့်စစ်ဆေးမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။ အကယ်၍ အမှုကို မူးယစ်ဆေးဝါးသုံးစွဲမှုအဖြစ် လျှော့ချအမှုဖွင့်လိုပါက လာဘ်ငွေသုံးသိန်းကျပ် ပေးရမည်ဖြစ်ကြောင်း လက်ထောက်ရဲအရာရှိက ပြောပါသည်။

လာဘ်ငွေပေးဆောင်ခြင်း မရှိပါက ထောင်ဒဏ်သုံးနှစ်အထိ ကျခံနိုင်သော မူးယစ်ဆေဝါး ကုန်သွယ်မှုဖြင့် အမှုဖွင့်မည်ဖြစ်ကြောင်း ဝင်းရဲဝန်ထမ်းက ခြိမ်းခြောက်ခဲ့သည်။ အမှုကိုလျှော့ပေါ့လိုသော နိုင်အမိုင်မှာ နောက်ဆုံးတွင် လာဘ်ငွေ သုံးသိန်းပေးရန် သဘောတူခဲ့ရသည်။

ဒေသခံရဲအရာရှိများ၏ မလျော်မကန်ပြုမူမှုများသည် ထိုမျှဖြင့် ပြီးဆုံးသွားခြင်း မရှိချေ။ များမကြာမီ ရဲတပ်ဖွဲ့ဝင် များက 'နိုင်အမိုင်'အိမ်သို့ ပြန်လည်ရောက်ရှိ လာပြီး ယင်း၏ဇနီးသည်အား မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ပတ်သက်နေသည် ဟုဆိုကာ ထပ်မံဖမ်းဆီးရန် လုပ်ဆောင်လာခဲ့သည်။

'မင်းလည်း တရားစွဲခံရမယ်။ အမှုမဖြစ်ချင်ဘူးဆိုရင်တော့ ငွေ (၆) သိန်း ပေးရမယ်။ ငွေပေးရင် မဖမ်းဘူး'ဟု ရဲဝန်ထမ်းက ပြောဆိုခဲ့ကြောင်း နိုင်အမိုင်၏ ဇနီးသည်က ပြောပါသည်။ နောက်ပိုင်း ရဲအရာရှိများက နိုင်အမိုင်အိမ်သို့ ထပ်ခါထပ်ခါ လာရောက်ပြီး ယင်း၏ဇနီးကို ခြိမ်းခြောက်ခဲ့သည်။

မူးယစ်ဆေး ရောင်းဝယ်မှုနှင့် ပတ်သက်ခြင်းမရှိသဖြင့် စိုးရိမ်မှုမဖြစ်ရန် 'နိုင်....'က ဖျောင်းဖျပြောဆိုခဲ့သော်လည်း 'နိုင်အမိုင်'၏ ဇနီးသည်မှာ အကြောက်လွန်ကာ ယင်းတွင် ငွေကြေးအမြောက်အမြား မရှိသဖြင့် လာဘ်ငွေ နှစ်သိန်းကိုသာ လက်ခံပေးရန် ရဲဝန်ထမ်းကို တောင်းဆိုခဲ့သည်။

ကာယကံရှင်များမှာ ရဲအရာရှိများ၏ မလျော်ကန်သော အပြုအမူကြောင့် စိတ်ညစ်နေရချိန်တွင် မွန်ပြည်နယ် အကျဉ်းဦးစီးဌာန၏ အကျင့်ပျက်ခြစားမှုကို ထပ်မံ ကြုံတွေ့ရပြန်သည်။

မော်လမြိုင် အကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများအနေဖြင့် သက်တောင့်သက်သာရှိပြီး အကျိုးအမြတ် ရနိုင်သော အလုပ်နေရာ ရရှိရန်အတွက် အကျဉ်းဦးစီးဝန်ထမ်းများကို လာဘ်ငွေပေးဆောင်နေရကြောင်း 'နိုင်....'က ပြောပါသည်။

''နစ်ရှည် အကျဉ်းသားတွေနဲ့ (အကျဉ်းထောင်မှာ) နေရာကောင်းရဖို့ လာဘ်ထိုးနိုင်တဲ့ အကျဉ်းသားတွေကတော့ လာဘ်ပေးလာဘ်ယူကနေပြီး ငွေရှာလို့ရတယ်။ ဥပမာအနေနဲ့ ပြောရရင် ရေးမြို့နယ် သောင်ပြင်ကျေးရွာက ထောင် (၆) နှစ်ကျနေတဲ့ တစ်ယောက်ဆိုရင် အစားအစာဝေတဲ့ အလုပ်နေရာကို ငွေနဲ့ဝယ် (လာဘ်ပေး) ခဲ့တယ်။ ပိုက်ဆံမပေးနိုင်တဲ့ အကျဉ်းသားကို အစာနည်းနည်းပဲဝေပေးတယ်။ အစာများများရအောင် လာဘ်ထိုးဖို့အတွက် အကျဉ်းသားတွေကအိမ်ကိုပိုက်ဆံ လှမ်းမှာရတယ်။ အကျဉ်းထောင်မှာ အစားအစာဝေတဲ့သူကတော့ အိမ်ကိုတောင် ပိုက်ဆံပြန်ပို့နိုင်တယ်။ အကျဉ်းထောင်မီးဖိုချောင်၊ အစာဝေတဲ့ နေရာနဲ့ ဂိတ်ပေါက်တွေမှာ ဒီလိုလာဘ်ပေးလာဘ်ယူတွေ အများကြီးဖြစ်နေတယ်''ဟု 'နိုင်....'က ပြောပါသည်။

''သူ (နိုင်အမိုင်)ကတော့ တရားရုံးမှာ အမှုရင်ဆိုင်နေရတုန်းပဲ။ ထောင်(၆) လလောက်တော့ကျမယ်ထင်တယ်။ ဒါပေမယ့် လာဘ်ငွေ ဘယ်လောက်ထပ်ပေး ရမယ်ဆိုတာတော့ စောင့်ကြည့်ရမှာပဲ''ဟု ယင်းက ဆက်ပြောပါသည်။

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ တရားရုံးများတွင် ဘက်လိုက်မှုများနှင့် မလျော်မကန်ပြုမူမှုများအကြောင်းကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တင်ပြခဲ့ပြီးဖြစ်သည်။ နိုင်....၏ ပြောကြားချက်အရ ဆိုလျှင် အကျင့်ပျက်ခြစားမှုနှင့် မလျော်မကန် ပြုမူမှုကတရားစီရင်ရေးစနစ်တွင်သာမက ရပ်ရွာတည်ငြိမ်အေးချမ်းရေးဌာနနှင့် အကျဉ်းဦးစီးဌာနများတွင်ပါ ခိုင်မြဲစွာ အမြစ်တွယ်နေကြောင်း သိရသည်။

မွန်ပြည်နယ် ရပ်ရွာတည်ငြိမ်အေးချမ်းရေးဌာနနှင့် တရားရေးမဏ္ဍိုင်ကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများ အလျင်အမြန် လုပ်ဆောင်သင့်ကြောင်းကို ဤအမှုက သက်သေခံလျက်ရှိသည်။

> **သူ (နိုင်အမိုင်)ကတော့ တရားရုံး မှာ အမှုရင်ဆိုင်နေရတုန်းပဲ။ ထောင် (၆) လ လောက်တော့ ကျမယ်ထင်တယ်။ ဒါပေမယ့် လာဘ်ငွေ ဘယ်လောက်ထပ်ပေး ရမယ်ဆိုတာတော့ စောင့်ကြည့်ရမှာပဲ**

# မုဒုံတရားရုံးအနေဖြင့် တရားစီရင်ရာတွင် အစိုးရဝန်ထမ်းအပေါ် ဘက်လိုက်မှုရှိကြောင်း တရားပြိုင်တစ်ဦးက ပြောကြား

ဇူလိုင် ၁၄၊ ၂၀၁၅

မွန်ပြည်နယ် မုဒုံမြို့နယ် ရောင်းဒေါင်းကျေးရွာမှ တရားပြိုင်တစ်ဦးက ယင်းနှင့် ကျေးရွာဥက္ကဋ္ဌအကြား ဖြစ်ပွားနေသော တရားရေးဆိုင်ရာ အငြင်းပွားမှုတွင် ဒေသဆိုင်ရာ တရားရုံးက မျှတစွာ စီရင်ခြင်းမရှိသည့်အပေါ် မေးခွန်းထုတ်ခဲ့သည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင် ရောင်းဒေါင်းရွာသား မင်းချမ်းချမ်းက ကျေးရွာကော်မတီကိစ္စနှင့် ပတ်သက်ပြီး ကျေးရွာဥက္ကဋ္ဌနှင့် ပြဿနာဖြစ်ခဲ့သည်။ ဖြစ်စဉ်မှာ မြို့နယ်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်သည် တရားမျှတမှုမရှိဟု မင်းချမ်းချမ်းက ပွင့်လင်းစွာ ကန့်ကွက်ခဲ့ပြီး ယင်းကန့်ကွက်မှုကြောင့် မင်းချမ်းချမ်းကို တာဝန်တွင်ရှိသူ နှောင့်ယှက်မှု ပြစ်မှုဆိုင်ရာပုဒ်မ (၃၃၂) ဖြင့် တရားစွဲဆိုခဲ့သည်။

(၉) လတိုင်တိုင် ကြာမြင့်ခဲ့ပြီး ဖြစ်သော်လည်း အမှုကိုစစ်ဆေးနေဆဲဖြစ်ပြီး မျှတမှန်ကန်သော ဆုံးဖြတ်ချက်ရရှိရန် အနည်းငယ်သာ မျှော်လင့်နိုင်သည်။ အစိုးရပိုင်းမှ လူပုဂ္ဂိုလ်များ ပါဝင်စွက်ဖက်မှုကြောင့် တရားစီရင်ရေး ကာလတစ်လျှောက်လုံး မျှတမှုမရှိခဲ့ကြောင်း မင်းချမ်းချမ်းက ပြောပါသည်။ ယင်းအပြင် ကျေးရွာဥက္ကဋ္ဌကို အလေးသာစေသော ဆုံးဖြတ်ချက် ချမှတ်ရန်အတွက် ရဲတပ်ဖွဲ့ကလည်း တရားစီရင်ရေးကို ဝင်ရောက်လွှမ်းမိုးခဲ့သည်။

တရားသူကြီးက ယင်းအနေဖြင့် မင်းချမ်းချမ်း၏ ဖြစ်စဉ်ကို နားလည်သဘောပေါက်သော်လည်း ဖြစ်စဉ်တစ်ခုလုံးကို ရဲတပ်ဖွဲ့က ဝင်ရောက်စွက်ဖက်နေသည့်အတွက် ယင်းတွင် လုပ်ပိုင်ခွင့် အနည်းငယ်သာရှိကြောင်း ပြောပြခဲ့သည်။

တရားရုံးက ကျေးရွာဥက္ကဋ္ဌအတွက် သက်သေရွေးချယ်ရာတွင် အမှုနှင့် ပတ်သက်ခြင်း မရှိသောသူများကို ဆင့်ခေါ်ခဲ့သဖြင့် မင်းချမ်းချမ်းက စိုးရိမ်ပူပန်လျက်ရှိသည်။

''တစ်ပတ်တစ်ကြိမ် တရားရုံးကို သွားရတယ်။ ကျွန်တော့်ဘက်ကို သက်သေထွက်ဆိုပေးဖို့လူ (၂) ယောက်ကို ခေါ်ထားတယ်။ အဲနှစ်ယောက်က လာချင်တဲ့အခါ လာတယ်၊ ပျက်ချင်တဲ့အချိန် ပျက်တယ်။ တစ်ယောက်တည်း လာတဲ့အခါလည်းရှိတယ်။ ကျေးရွာဥက္ကဋ္ဌဘက်မှာတော့ သက်သေအယောက် (၂၀) လောက်ရှိတယ်'' ဟု မင်းချမ်းချမ်းက ပြောပါသည်။

တရားစီရင်ရေးတွင် ကျေးရွာဥက္ကဋ္ဌ အသာရစေရန်အတွက် အစိုးရဝန်ထမ်း(၆) ဦး၊ ရဲအရာရှိ (၁) ဦးနှင့် ဆေးမှူးတစ်ဦးကို ဆင့်ခေါ်ကာ သက်သေလိုက်စေခဲ့သည်။ ယင်းတို့အနက် ဖြစ်စဉ်အတွင်း ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုမရှိ ဟူသော ဆေးမှူး၏သက်သေထွက်ဆိုချက်သည် အံ့အားသင့်ဖွယ်ဖြစ်ခဲ့ကြောင်း တရားပြိုင် မင်းချမ်းချမ်းက ပြောခဲ့သည်။

မင်းချမ်းချမ်း၏ ရှေ့နေနှင့်တွေ့ဆုံချိန်တွင် ထိခိုက်ဒဏ်ရာရရှိမှုမရှိဟု ပြောဆိုခဲ့ခြင်း မရှိသော်လည်း တရားခွင်တွင် ထိုကဲ့သို့ ထွက်ဆိုခဲ့ခြင်း ဖြစ်သည်။ ဖိအားတစ်စုံတရာ ရှိနေခြင်းကြောင့် ဆေးမှူးအနေဖြင့် ထွက်ဆိုချက်ကို ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း မင်းချမ်းချမ်းက သံသယဖြစ်လျှက်ရှိသည်။

၎င်းတို့အား အလေးသာစေမည့် ထွက်ဆိုချက်များ ပြုလုပ်ပေးရန် ရဲတပ်ဖွဲ့ဝင်များက မင်းချမ်းချမ်းကို ပုဂ္ဂိုလ်ရေးဆန်ဆန် ဖိအားပေးပြောဆိုမှုများ ရှိခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များ တောင်းဆိုသည့်အတိုင်း တရားခွင်တွင် ထွက်ဆိုခြင်းမရှိသဖြင့် မင်းချမ်းချမ်းမှာ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ယင်းတို့လိုချင်သော ထွက်ဆိုချက်ကို မရရှိသဖြင့် ဖမ်းဆီးခြင်းဖြစ်ကြောင်း၊ နောက်တရားခွင်တွင် ယင်းတို့လိုချင်သည့်အတိုင်း ပြောင်းလဲထွက်ဆိုပေးရန် ခြိမ်းခြောက်ခံရနိုင်သည်ဟု ထင်မြင်ကြောင်း မင်းချမ်းချမ်းက ပြောပါသည်။

''ကျွန်တော့်ရှေ့နေကို ကျွန်တော် မေးတယ်၊ မြို့နယ်အာဏာပိုင်တွေက အစိုးရဝန်ထမ်းဖြစ်နေတဲ့အတွက် သူတို့ အမှုနိုင်ဖို့ ဘာမဆိုလုပ်နိုင်တယ်လို့ သူကပြောတယ်။ ကျွန်တော်က သာမန်အရပ်သားဆိုတော့ အမှုရှုံးသွားလည်း ကိစ္စမရှိဘူးလို့သူတို့ထင်နေပုံရတယ်။ ကျွန်တော့်အနေနဲ့ကတော့ ထောင်ထဲသွားရုံပေါ့။ ဒါကြောင့် တရားခွင်မှာ ဖြစ်ပျက်သမျှကို ဘာမှမှတ်တမ်းမတင်ဖို့ မီဒီယာတွေနဲ့ သတင်းသမားတွေကို သူတို့ပြောထားတာ။ သူတို့လုပ်တာ မှားနေမှန်း သူတို့သိတော့ အဲဒါတွေကို အသေကြောက်တာ'' ဟု မင်းချမ်းချမ်းက ပြောပြခဲ့သည်။

''ကျွန်တော်အမှုရှုံးဖို့ သူတို့ဘာမဆိုလုပ်မှာပဲ။ ကျွန်တော်တို့ရှုံးမယ့် နည်းလမ်းကိုလည်း သူတို့ရှာမှာပဲ။ သူတို့က အစိုးရဝန်ထမ်းတွေလေ၊ သူတို့အမှုကိုင်တွယ်တဲ့နေရာမှာ မတရားတာတွေ အများကြီးရှိတယ်။ ကျွန်တော်တို့ အမှုနိုင်ဖို့ နည်းလမ်းမရှိတော့ဘူးနဲ့တူတယ်။ ထောင်သုံးလလောက် ကျမယ်ထင်တယ်''ဟု ယင်းက ဆက်ပြောပါသည်။

ဒေသဆိုင်ရာတရားစီရင်မှုတွင် ရဲတပ်ဖွဲ့၏ ပါဝင်လွှမ်းမိုးမှုမှာ ရှင်းလင်းနေသောကြောင့် မင်းချမ်းချမ်းအနေဖြင့် ပြည်နယ်တရားရုံးသို့ အယူခံဝင်သင့်ကြောင်း အမှုစီရင်သော တရားသူကြီးက အကြံပြုထားပါသည်။

မင်းချမ်းချမ်း၏ အမှုသည် မြန်မာနိုင်ငံတွင် တရားသောဥပဒေများ စိုးမိုးမှုမရှိကြောင်းကိုပြသသည့် ထင်ရှားသော ဥပမာတစ်ခုဖြစ်သည်။ လက်ရှိအချိန်တွင် သာမန်အရပ်သား ပြည်သူလူထုများအတွက် တရားမျှတမှုရရှိရန် တရားဥပဒေက အကာအကွယ်ပေးနိုင်ခြင်း မရှိချေ။ ၎င်းအပြင် တရားစီရင်ရေးဆိုင်ရာ ဘက်လိုက်မှုများနှင့် ထောင်ဒဏ်ချမှတ်မှုများကြောင့် သာမန်အရပ်သားအနေဖြင့် အစိုးရဝန်ထမ်းများကို ကြောက်ရွံ့မှုကင်းစွာ တရားစွဲဆိုနိုင်ရန်မှာလည်း မဖြစ်နိုင်ချေ။

> ကျွန်တော်အမှုရှုံးဖို့ သူတို့ဘာမဆို လုပ်မှာပဲ။ ကျွန်တော်တို့ရှုံးမယ့် နည်းလမ်းကိုလည်း သူတို့ရှာမှာပဲ။ သူတို့က အစိုးရဝန်ထမ်းတွေလေ၊ သူတို့အမှုကိုင်တွယ်တဲ့နေရာမှာ မတရားတာတွေ အများကြီးရှိတယ်။ ကျွန်တော်တို့ အမှုနိုင်ဖို့ နည်းလမ်းမရှိတော့ ဘူးနဲ့တူတယ်။ ထောင်သုံးလလောက် ကျမယ်ထင်တယ်

# အကျင့်ပျက်ခြစားမှုအပြင် အခွန်တိုးမြှင့် ကောက်ခံခြင်းကြောင့် မုဒုံမြို့လမ်းဘေးဈေးဆိုင်များ အမြတ်ငွေထိခိုက်

ဇူလိုင် ၁၊ ၂၀၁၅

မွန်ပြည်နယ် မုဒုံမြို့တွင် လမ်းဘေးတစ်ဖက်တစ်ချက်ရှိ စားသောက်ဆိုင်များနှင့် ဈေးဆိုင်များအပေါ် စည်ပင်သာယာခွန်နှင့် ကုန်စည်ခွန်များ တိုးမြှင့်ကောက်ခံလျက်ရှိကြောင်း ၎င်းစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက ပြောပါသည်။



အခွန်တိုးမြှင့် ကောက်ခံခြင်းကြောင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်မပြေမှုများရှိလာသည့်အပြင် အမြတ်ငွေလည်း ကျဆင်းလာကြောင်း၊ အခွန်ငွေကောက်ခံရာတွင် သာတူညီမျှမရှိသည့်အပြင် အကျင့်ပျက်ခြစားမှုများလည်း ဖြစ်ပွားနေကြောင်း လုပ်ငန်းရှင်များကပြောဆိုသည်။

မုဒုံတွင် ကြေးအိုးဆီချက်ဆိုင်ဖွင့်ထားသူဒေါ်ငယ်ကျင်က ''ကျွန်မဆိုင်က ဆိုင်ကြီးလည်းမဟုတ်ပါဘူး၊ ဒါတောင် ကုန်စည်ခွန် တစ်နှစ်ကို သုံးသိန်းပေးရတယ်၊ ပြီးခဲ့တဲ့နှစ်တွေမှာတစ်သိန်း၊ အဲနောက် တစ်သိန်းခွဲ၊ နှစ်သိန်း၊ နှစ်သိန်းခွဲ တိုးတိုး ကောက်လာတာ အခုနောက်ဆုံး သုံးသိန်းအထိပေးနေရတယ်'' ဟု ပြောပြခဲ့သည်။

တစ်နှစ်စာအတွက် ကုန်စည်ခွန်ကို လုပ်ငန်းရှင်များက အရစ်ကျပေးချေနိုင်သော်လည်း စည်ပင်သာယာခွန်နှင့် လုပ်ငန်းကုန်ကျစရိတ်ပါ မြင့်တက်လာသောကြောင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

''ကုန်ဈေးနှုန်းက တက်ပြီးရင်းတက်နေတယ်၊ ပြီးတော့ အလုပ်သမားလစာနဲ့ အခွန်တွေကလည်း လိုက်တက်နေတယ်။ စီးပွားရေးလုပ်ရတာ တအားခက်ခဲပါတယ်''ဟု ဒေါ်ငယ်ကျင်က ပြောပါသည်။

နွေရာသီတွင် အမြတ်အစွန်း ပိုမိုရရှိသော်လည်း မိုးရာသီတွင် တစ်ရက်လျှင် ကျပ်လေးသောင်းမှ ငါးသောင်းကြားသာ ရောင်းချနိုင်သဖြင့် လုပ်ငန်းလည်ပတ်ရန် ခက်ခဲကြောင်း၊ အခွန်ငွေ တိုးမြှင့်ကောက်ခံမှုအပြင် အကျင့်ပျက် ခြစားမှုများနှင့် ပတ်သက်၍လည်း စိုးရိမ်ပူပန်နေရကြောင်း ဒေါ်ငယ်ကျင်က ဆက်ပြောပါသည်။

''ကျွန်မဆိုင်နားက လက်ဖက်ရည်ဆိုင်ကို သူတို့အခွန်ဘယ်လောက်ပေးရလဲ မေးကြည့်ပေမယ့် သူတို့က ဘာမှပြန်မဖြေဘူး၊ သူတို့က ကြံ့ဖွံ့ (အာဏာရပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး) ပါတီဝင်တွေဖြစ်တဲ့အတွက် အခွန်မပေးရဘူးကြားတယ်'' ဟု ဒေါ်ငယ်ကျင်က ပြောပါသည်။

''အခွန်တွေ တစ်ခါနဲ့တစ်ခါ မတူဘဲ အမျိုးမျိုးပေးနေရတာကို ကျွန်မစိတ်ပျက်တယ်။ စည်ပင်သာယာခွန်မှာဆိုရင် ဝန်ထမ်းတစ်ယောက်က လာကောက်ရင် တစ်မျိုး၊ နောက်ဝန်ထမ်းတစ်ယောက်က လာကောက်ရင် နောက်တစ်မျိုး ဖြစ်နေတယ်။ ဘောက်ချာ (ပြေစာ) တွေလည်း တောင်းမှပေးတယ်၊ တစ်ခါတစ်ခါ ကျွန်မတို့ပေးနေရတဲ့ ပိုက်ဆံတွေက စည်ပင်သာယာခွန်ကော တကယ်ဟုတ်ရဲ့လားဆိုတာ သံသယဖြစ်မိပါတယ်''ဟု အသက် (၄၅) နှစ်အရွယ် အသုပ်စုံရောင်းသူ ဒေါ်မြင့်မေက ပြောပါသည်။

''သူတို့က အခွန်တွေကို အဲလိုမမျှမတကောက်တော့ ပေးရတဲ့သူက ချွေးနည်းစာထဲကနေ ဖဲ့ထုတ်ပေးရသလိုမျိုး ခံစားရတယ်။ အခွန်ငွေတွေ မပေးချင်ဘူးလို့ ကျွန်မမပြောပါဘူး၊ ဒါပေမယ့် အခွန်တွေကမျှမျှတတတော့ ဖြစ်စေချင်တယ်''၎င်းက ဆက်ပြောခဲ့သည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား တရားဝင်အသိအမှတ်ပြုရန် စီစဉ်နေခြင်းကို ရွှေ့ဆိုင်းပေးရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ပူးပေါင်းတောင်းဆို

ဇူလိုင် ၁၇၊ ၂၀၁၅

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (Myanmar National Human Rights Commission – MNHRC) အား အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက တရားဝင်အသိအမှတ်ပြုရန် စီစဉ်နေခြင်းကို ရွှေ့ဆိုင်းပေးရန် သဘောထားတူညီသော အခြားလူထုအခြေပြုအဖွဲ့အစည်း (၁၄၈) ဖွဲ့နှင့်အတူ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အပြည်ပြည်ဆိုင်ရာ တရားဝင်အသိအမှတ်ပြုရေး အကျိုးဆောင်ကော်မတီနှင့် ကော်မတီခွဲ (the International Coordinating Committee Sub-Committee on Accreditation – ICC-SCA) တို့အား တောင်းဆိုလိုက်သည်။

နိုင်ငံအသီးသီးမှ အစိုးရအသိအမှတ်ပြု တရားဝင်လူ့အခွင့်အရေးအဖွဲ့များနှင့် ဖွဲ့စည်းထားပြီး အစိုးရအသိအမှတ်မပြုသော လူ့အခွင့်အရေးအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ICC-SCA က ၂၀၁၅ နိုဝင်ဘာလ (၁၆) ရက်မှ (၂၀) ရက်နေ့အထိ ကျင်းပမည်ဖြစ်သော အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသားလူ့ အခွင့် အရေးကော်မရှင်အား အပြည်ပြည် ဆိုင်ရာက တရားဝင်အသိအမှတ် ပြုမည် မပြုမည်ကို ဆွေးနွေး ဆုံးဖြတ်မည်ဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မြန်မာပြည်သူလူထုက ထောက်ခံသော အဖွဲ့အစည်းမဖြစ်ခြင်း၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ လှုပ်ရှားလည်ပတ်ရန်အတွက် ချမှတ်ထားသော အပြည်ပြည်ဆိုင်ရာစံနှုန်းများဖြစ်သည့် ပါရီမူဝါဒ (the Paris Principles) အတိုင်း လုပ်ကိုင် ဆောင်ရွက်မှု မရှိခြင်းတို့ကြောင့် ကော်မရှင် အား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အသိုင်းအဝိုင်းက တရားဝင် အသိအမှတ် ပြုရန်

▲ စာမျက်နှာ ၉ သို့

▲ စာမျက်နှာ – ၈ မှ အဆက်

စီစဉ်နေခြင်းကို ရွေ့ဆိုင်းပေးရန် မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်းက ICC-SCA ကို တောင်းဆိုရခြင်းဖြစ်သည်။

၁) ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်က လုံလောက်စွာ စုံစမ်းစစ်ဆေးမှုလုပ်ရန် ပျက်ကွက်ခဲ့ခြင်း

စတင်ဖွဲ့စည်းသည့် ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၅) ရက်နေ့မှ စတင်၍ ပြည်သူလူထုအကြား လူ့အခွင့်အရေး အသိပညာပေးမှုကို မြှင့်တင်ပြီး ပါရီမူဝါဒအတိုင်း လုပ်ကိုင်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၎င်းတို့၏ ရည်ရွယ်ချက်ကို ထုတ်ဖော်ကြေညာခဲ့သည်။ သို့သော် မြန်မာနိုင်ငံတွင် ဖြစ်ပွား နေသော ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့သဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အပေါ် ပြည်သူလူထုနှင့် လူထုအခြေပြု အဖွဲ့အစည်းများက ယုံကြည်မှု ကင်းမဲ့လျက်ရှိသည်။ ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြောဆိုနေသော်လည်း စစ်တပ်က ကျူး လွန်သော ဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုမူ စုံစမ်းစစ်ဆေးရန် အခွင့်အာ ဏာမရှိဟုဆိုကာ လစ်လျူရှုခဲ့သည်။ ဉပမာအားဖြင့် ဖော်ပြရလျှင် ကချင်နှင့် ရှမ်းပြည်နယ်များရှိ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသော နေရာများတွင် ဖြစ်ပွားကျူးလွန်ခဲ့ ကျူးလွန်ဆဲဖြစ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို လစ်လျူရှုထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပျက်ကွက်မှုများစွာ ရှိခဲ့ သည်။ လွတ်လပ်မှုနှင့် အခွင့်အရေးအတွက် ဆန္ဒပြလုပ်ရှားခဲ့သော ကျောင်းသားများအား အကြမ်းဖက် နှိမ်နင်းခဲ့မှုကို ထဲထဲဝင်ဝင် စုံစမ်းလေ့လာရန် ပျက်ကွက်ခဲ့သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ထိရောက်ပြီး သဘောရိုးဆန်သော နည်းလမ်းများဖြင့် မဖြစ်မနေ ဝင်ရောက်ဖြေရှင်းသင့်သည်။ သို့သော် လည်း ကျောင်းသားများ၏ အခွင့်အရေးကို လစ်လျူရှုခဲ့သည့်အပြင် ကျောင်းသားများကို ကာကွယ်ပေးရန်ဆိုသော အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများ၏ တောင်းဆိုမှုများကိုလည်း ဖြည့်ဆည်းပေးရန် ပျက်ကွက်ခဲ့သည်။ ဘာသာရေးကို အကြောင်းပြုသော ပဋိပက္ခနှင့် အ ဓိကရုဏ်းများ၊ မြေယာအခွင့်အရေး လှုပ်ရှားမှုအတွက် ဖမ်းဆီးခံရမှုများနှင့် ပတ်သက်ပြီး တုံ့ပြန်ဆောင်ရွက်မှု တစ်စုံတရာပြုလုပ်ရန် ပျက်ကွက်ခဲ့သည်။ အသိသာဆုံးနှင့် စိတ်ပျက်ဖွယ် အကောင်းဆုံးသော ပျက်ကွက်မှုမှာ စစ်တပ်က တရားစွဲခဲ့သော ကချင်အမျိုးသား ဘရန် ရှောင်ကို ကာကွယ်ပေးရန် ပျက်ကွက်ခဲ့ခြင်း ဖြစ်သည်။ ၎င်းအပြင် အလွတ်သတင်း ထောက် ကိုပါကြီး ခေါ် ဦးအောင်ကျော်နိုင်၏ မတရားအသတ်ခံရမှုအတွက် စုံစမ်းစစ်ဆေးမှု အနည်းငယ်သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၂) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အစိုးရနှင့် စစ်တပ်ကိုသာ အကာအကွယ်ပေးပြီး သာမန်အရပ်သားပြည်သူလူထုများကို မျက်ကွယ်ပြုထားခြင်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် အပြည်ပြည်ဆိုင်ရာ အသိ အမှတ်ပြုလူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခုတွင် ရှိသင့်ရှိထိုက်သော အမှီအခိုကင်းမှု၊ သီးခြား လွတ်လပ်မှုမျိုး မရှိချေ။ အထက်ဖော်ပြပါ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးရန် ပျက်ကွက်နေခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အစိုးရနှင့် စစ်တပ်အပေါ်တွင်သာ မှီခိုနေရကြောင်း၊ သီးခြားလွတ်လပ်မှု မရှိကြောင်းကို သိသာမြင်သာစေသည်။ ခြုံငုံသုံးသပ်ရလျှင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှု အားလုံးသည် အစိုးရနှင့် စစ်တပ်ကို အကာအကွယ်ပေးရန်အတွက်သာ ဖြစ်သည်။ ၎င်းအပြင် လူထုအခြေပြုအဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများနှင့် တိုင်းရင်း သားပြည်သူများ၏ သဘောထားဆန္ဒများကိုလည်း မျက်ကွယ်ပြုခဲ့သည်။

၃) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပွင့်လင်းမြင်သာသော အဖွဲ့အစည်းမ ဟုတ်ခြင်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လုံးဝပွင့်လင်းမြင်သာသော အဖွဲ့အစည်းတစ်ခု မဟုတ်ချေ။ ကော်မရှင်၏ အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် ရှင်းလင်းမှု မရှိချေ။ ၂၀၁၄ ခုနှစ်တွင် ကော်မရှင်အဖွဲ့ဝင်သစ်များကို ရွေးချယ်သည့်အချိန်တွင် လွှတ် တော်နှင့် တိုင်ပင်ခြင်း မရှိသည့်အပြင် လူထုအခြေပြုအဖွဲ့အစည်းများက တင်ပြထားသော သူများကိုလည်း ရွေးချယ်ခြင်း မရှိချေ။ ယခင်အဖွဲ့ဝင်များအနေဖြင့်လည်း အဘယ်ကြောင့် ရာထူးမှ ဖယ်ရှားရပ်နားခြင်းခံ ရသည်ကို ကာ ယကံရှင်ကိုယ်တိုင် ရှင်းရှင်းလင်းလင်း သိရှိ ခြင်းမရှိချေ။ ဤကဲ့သို့သော အဖြစ်အပျက် များက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အပြည်ပြည်ဆိုင်ရာအ သိအမှတ်ပြုလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခု ၏ စံနှုန်းများနှင့် ကိုက်ညီမှု မရှိသည်မှာ ထင်ရှားလှသည်။

၄) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော် မရှင်အား အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြု လူ့အခွင့်အရေး အဖွဲ့အစည်းအဖြစ် သတ်မှတ် ခြင်းအား ရွှေ့ဆိုင်းခြင်းဖြင့် ပွင့်လင်းမြင်သာ သော သဘောထားကို ထုတ်ပြန်သင့်ခြင်း

အပြည်ပြည်ဆိုင်ရာ တရားဝင်အ သိအမှတ်ပြုရေး အကျိုးဆောင်ကော်မတီနှင့် ကော်မတီခွဲ (ICC-SCA) က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အား အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုလူ့အခွင့် အရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းအား ရွှေ့ဆိုင်းလိုက်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်း၏ ပွင့်လင်းမြင်သာသော သ ဘောထားကို ပြသနိုင်မည် ဖြစ်သည်။ ထိုသို့ ရွှေ့ဆိုင်းလိုက်ခြင်းက ကော်မရှင်၏ လက်ရှိ လုပ်ဆောင်နေမှုများသည် နိုင်ငံတကာစံနှုန်း များနှင့် ကိုက်ညီခြင်းမရှိသည်ကို ရှင်းလင်းစွာ ထောက်ပြနိုင်မည်ဖြစ်ပြီး ပြုပြင်ပြောင်းလဲမှု များကို ချက်ချင်းလုပ်ဆောင်ရန် တွန်းအား ပေးနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အ ရေးကော်မရှင်အနေဖြင့် ကော်မရှင်၏ မူလ တာဝန်များ ဆောင်ရွက်ရန်နှင့် ပြည်သူလူထု ၏ ယုံကြည်မှုကို ပြန်လည်ရရှိရန် တာဝန် ဝတ္တရားများကို ထိထိရောက်ရောက် လုပ် ဆောင်ရန်နှင့် တာဝန်ယူမှုတာဝန်ခံမှုရှိရန် လို အပ်သည်။

၎င်းအပြင် နိုင်ငံတော်အစိုးရအနေ ဖြင့်လည်း ကော်မရှင်၏ သီးခြားလွတ်လပ် ခွင့်ကို အသိအမှတ်ပြုရမည် ဖြစ်ပြီး ကော်မတီ၏ တာဝန်ဝတ္တရားများတွင်ဝင် ရောက်စွက်ဖက်ခြင်း မပြုဘဲ လွတ်လပ်စွာ လုပ်ဆောင်စေရမည် ဖြစ်သည်။

၎င်းအခြေအနေသို့ မရောက်ရှိမီနှင့် ပါရီတူဝါဒကို အပြည့်အဝ မလိုက်နာနိုင်မီအချိန် ထိ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်အား အပြည်ပြည်ဆိုင်ရာ စံချိန်စံ ညွှန်းနှင့် ကိုက်ညီသော လူ့အခွင့်အရေးကော် မရှင်တစ်ခုအဖြစ် မသတ်မှတ်သင့်သေး ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေး ရှင်းက ယုံကြည်ပါသည်။

# သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းအစစ် တကယ်ဖြစ်ရဲ့လား





ဇူလိုင် ၈၊ ၂၀၁၅

မွန်ပြည်နယ် ရေးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းနှင့် ပတ်သက်သော အကျိုးအကြောင်း၊ အဆိုးအကောင်းနှင့် သဘော သဘာဝများကို သိရှိနားလည်ရန်အတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက စူးစမ်းလေ့လာမှု ပြုလုပ်ခဲ့သည်။

**သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းဆိုသည်မှာ အဘယ်နည်း။**

သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်း၏ အဓိပ္ပာယ်အတိအကျကို မည်သို့ ဖွင့်ဆိုပါသနည်းဟူသော မေးခွန်းဖြင့် လေ့လာမှုကို စတင်ရမည်ဖြစ်ပါသည်။

အမှန်တကယ်အားဖြင့် သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းသည် လွန်ခဲ့သောနှစ်အနည်းငယ်မှ စတင်၍ လူသိများလာသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်း (Ecotourism) ဟူသော ဝေါဟာရကို မည်သူက စတင်ခေါ်ဝေါ်ခဲ့သည်ကို အတိအကျ အတည်မပြုနိုင်သော်လည်း ယင်းဝေါဟာရသည် (၂၀) ရာစုနှောင်းပိုင်းတွင် ပေါ်ပေါက်လာသော ဝေါဟာရ တစ်ခုဖြစ်သည်။

ယင်းဝေါဟာရကို ပညာရှင် Claus-Dieter (Nick) Hetzer က ၁၉၆၅ ခုနှစ်တွင် စတင်သုံးစွဲခဲ့ပြီး ယင်းပုဂ္ဂိုလ်က သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို မူ (၄) ရပ်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ယင်းမူ (၄)ရပ်မှာ အောက်ပါ အတိုင်း ဖြစ်သည်။

၁) သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု နည်းရမည်။
၂) သက်ဆိုင်ရာဒေသ၏ ရိုးရာယဉ်ကျေးမှုကို လေးစားရမည်။
၃) ဒေသခံများကို အများဆုံး အကျိုးစီးပွားဖြစ်ထွန်းစေရမည်။
၄) ခရီးသွားဧည့်သည်များကို စိတ်ကျေနပ်မှု အမြင့်ဆုံးဖြစ်စေရမည်။

ယခုလက်ရှိအချိန်တွင်မူ အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်း လူမှုအဖွဲ့အစည်းက သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းမြှင့်တင်သော၊ ဒေသခံလူအများ၏ လူမှုဘဝကို ထိန်းသိမ်းသော၊ နားလည်မှုနှင့် ပညာပေးမှုတို့ပါဝင်သော၊ သဘာဝပတ်ဝန်းကျင်ဒေသများအပေါ် တာဝန်ယူမှု တာဝန်ခံမှုရှိ သည့် ခရီးသွားလုပ်ငန်းဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ခေတ်မီတိုးတက်နေသော လက်ရှိကမ္ဘာကြီးတွင် သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းသည် ကျေးရွာအဆင့်ကို အခြေခံသော အသေးစားစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ကူညီပေးခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းသည် သမာရိုးကျ မိရိုးဖလာ ခရီးသွားလုပ်ငန်းမျိုး မဟုတ်ဘဲ ကုမ္ပဏီကြီးများက ရင်းနှီးမြှုပ်နှံမှု အမြောက်အမြား ပြုလုပ်ထားသော အခြေခံအဆောက်အဦးနှင့် လမ်းတံတား ဖွံ့ဖြိုးတိုးတက်မှု အများအပြား လိုအပ်သော လုပ်ငန်းကြီးဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာပါက ကမ္ဘာအရပ်ရပ်ရှိ နေထိုင်ရာဝန်းကျင်နှင့် ယဉ်ကျေးမှု ကွဲပြားခြားနားသော လူများနှင့် ဆက်ဆံရေးအသစ်ကို တည်ဆောက်ရသောကြောင့် ခရီးသွားလုပ်ငန်းဒေသ၏ ရှိရင်းစွဲလူမှုအဖွဲ့အစည်းတွင် ပြောင်းလဲမှုများ ဖြစ်ပွားလာမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းသည် အသစ်အသစ်သော သဘာဝပတ်ဝန်းကျင်နှင့် ရိုးရာယဉ်ကျေးမှုအကြောင်းကို စူးစမ်းလေ့လာလိုစိတ်အပေါ် အခြေခံသည့်အတွက် ယင်းခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်လိုသော နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းထားရန် လိုအပ်လှသည်။

ဥပမာအားဖြင့် ပြောရလျှင် ဌာနေတိုင်းရင်းသားများ အများအပြားရှိသော ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများက ဒေသခံများနှင့် ပူးပေါင်းပြီး လုပ်ကိုင်နေ ခြင်းဖြစ်သည်။

**ထိုင်းနိုင်ငံ၏ လူထုအခြေပြု သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို စောင်းငဲ့ကြည့်ခြင်း**

၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ တိုင်းပြည်ဝင်ငွေ (GDP) စုစုပေါင်း၏ (၂၀. ၂၀) ရာခိုင်နှုန်းသည် ခရီးသွားလုပ်ငန်းမှ ရရှိခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ၏ နာမည်ကြီးသတင်းစာတစ်စောင်ဖြစ်သော ဘန်ကောက်ပို့စ်သတင်းစာ၏ ခန့်မှန်းချက်အရ ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် နောင်အနာဂတ်တွင်လည်း ဆက်လက်တိုးတက်ဖွံ့ဖြိုးနေဦးမည် ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအပေါ် ဆိုးကျိုးသက်ရောက်မှုများနှင့် သဘာဝသယံဇာတအပေါ် အမြတ်ထုတ်ခေါင်းပုံဖြတ်မှုများလည်း မလွဲမရှောင်သာ ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် ထိုင်းနိုင်ငံသားများက နိုင်ငံ၏ သဘာဝသယံဇာတများနှင့် ရိုးရာယဉ်ကျေးမှုများကို ကာကွယ်ထိန်းသိမ်းရန်အတွက် လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်ကပင် ယင်းတို့၏ ခရီးသွားလုပ်ငန်းကို သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်း အဖြစ်သို့ ပြောင်းလဲခဲ့ကြသည်။

Jian Ping Wang က ထိုင်းနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို အောင်မြင်သော စီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ် ရှုမြင်နိုင်သည်ဟု ဆိုသည်။ သို့သော် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်အဆင့် မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများကို အခြေမခံဘဲ လူထုအခြေပြုအဖွဲ့အစည်းများ၊ ဒေသခံများနှင့် ပုဂ္ဂလိကကုမ္ပဏီများက ဦးဆောင်သော လူထုအခြေပြု သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်း (Community Based Ecotourism – CBET) ဖြစ်သည်ဟု Wang က ဆိုထားသည်။

ဥပမာအားဖြင့် ပြောရလျှင် ဌာနေတိုင်းရင်းသားများ အများအပြားရှိသော ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများက ဒေသခံများနှင့် ပူးပေါင်းပြီး လုပ်ကိုင်နေခြင်းဖြစ်သည်။ ပုဂ္ဂလိကကုမ္ပဏီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဘဏ္ဍာရေးထောက်ပံ့မှုများ၊ သင်တန်းပို့ချမှုများနှင့် ဈေးကွက်ဆိုင်ရာ အကူအညီပေးမှုများ လုပ်ဆောင်ပြီး ဒေသခံများဘက်မှ မြေနေရာများ၊ လုပ်သားအင်အားများနှင့် ဒေသဆိုင်ရာက အသိပညာဗဟုသုတများဖြင့် ပူးပေါင်းပါဝင်ကြသည်။

ထိုင်းနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ မူဝါဒဖြင့် လည်ပတ်လုပ်ဆောင်နေသည် မဟုတ်သော်လည်း ပုဂ္ဂလိကကုမ္ပဏီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ခရီးသွားလုပ်ငန်းမှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ကောင်းကျိုးဆိုးကျိုးကို အတူတကွ လေ့လာကြရင်း အရှိန်အဟုန်ဖြင့် တိုးတက်လာသော ခရီးသွားလုပ်ငန်းနှင့် သဟဇာတဖြစ်အောင် ထိုင်းနိုင်ငံကို ပြုပြင်ကြသည်။

▲ စာမျက်နှာ – ၁၃ သို့

ထိုင်းနိုင်ငံသည် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော ပြစ်ချက်များ၊ ကျရှုံးမှုများကို ဂဃနဏ သိရှိထားသဖြင့် ရေရှည် အကျိုးဖြစ်ထွန်းစေသော ခရီးသွားလုပ်ငန်းကို အောင်အောင် မြင်မြင် လုပ်ကိုင်နိုင်ခြင်း ဖြစ်သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့်လည်း စတင်ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သော ခရီးသွားလုပ်ငန်းအတွက် အဆင်သင့် ဖြစ်နေပြီလော ဆိုသည်ကို ယခုအချိန်တွင် မေးခွန်းထုတ် ရမည်ဖြစ်သည်။

## မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာဒေသရှိ သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်း

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများကို စတင်တံခါး ဖွင့်ပေးလိုက်သည့် အချိန်မှစ၍ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများ၏ စိတ်ဝင်စားမှုကို ရရှိလာခဲ့သည်။ ရင်းနှီးမြှုပ်နှံစရာ နေရာဒေသမြောက်မြားစွာရှိသည့်အနက် မွန်ပြည်နယ် ရေးမြို့နယ်သည်လည်း ရင်းနှီးမြှုပ်နှံသူတို့၏ ပစ်မှတ်တစ်ခုဖြစ်လာခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် အံဒင်ကျေးရွာတွင် တည်ဆောက်မည့် ကျောက်မီး သွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ရေးမြို့နယ်အနံ့အပြားရှိ သတ္တုတူးဖော်ရေး လုပ်ငန်းများကို လုပ်ဆောင်ထားပြီးဖြစ်သည်။ ရေးမြို့နယ်တွင် ပင်လယ်ကမ်းခြေများနှင့် ကျွန်းငယ်များ အများအပြားတည်ရှိနေသောကြောင့် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက်လည်း စိတ်ဝင်စားလာကြသည်။

Aurum Company Limited က ကဗျာဝကမ်းခြေအပါအဝင် ခေါဇာဒေသရှိ ကမ်းခြေများတွင် ဖွံ့ဖြိုးရေးစီမံကိန်းများ လုပ်ဆောင်ရန် စီစဉ်ခဲ့သည်။ ကုမ္ပဏီက ယင်းတို့၏ အစီအစဉ်ကို မွန်ပြည်နယ်အစိုးရသို့ မနှစ်က တင်ပြခဲ့သော်လည်း လက်တလောအချိန်တွင်မှ အစီအစဉ်ကို လက်ခံမှုက များပြားလာခဲ့သည်။

Myanmar National TV တွင် ပြသခဲ့သော အစီအစဉ်အရ Aurum Company Limited က ကဗျာဝကမ်းခြေ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ (၁၂) သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး စီမံကိန်းကို မွန်ပြည်နယ်အစိုးရနှင့် ပူးပေါင်းလုပ်ကိုင် သွားမည်ဖြစ်သည်။

စီမံကိန်းဧရိယာသည် မြောက်မှတောင်သို့ (၈) မိုင် ရှည်လျားပြီး အပိုင်း (၄) ပိုင်း ခွဲခြားထားသည်။

အပိုင်း(၁) ခေါဇာမှ ကဗျာဝကမ်းခြေအစပိုင်းအထိ၊ ကဗျာဝမြောက်ဘက် တံတား အထိ

အပိုင်း (၂) ကဗျာဝကျေးရွာ တောင်ပိုင်းမှ တရုတ်ထောက်ကျေးရွာ မြောက်ဘက် ပင်လယ်ဝအထိ

အပိုင်း (၃) ကဗျာဝကျေးရွာတောင်ပိုင်းမှ ခေါဇာချောင်းဝအထိ

အပိုင်း (၄) ခေါဇာချောင်းဝမှ မကျည်းချောင်းဝအထိတို့ဖြစ်ကြသည်။

ကုမ္ပဏီက ယင်းတို့၏ စီမံကိန်းတွင် သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို ထည့်သွင်း ရေးဆွဲထားပြီး ယင်းလုပ်ငန်းသည် လူထုအခြေပြုခရီးသွားလုပ်ငန်းဖြစ်စေရမည်ဟု ကတိက ဝတ်ပြုထားသည်။

Aurum Company Limited၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးဌေးသွင်က "ဒီဒေသက မဖွံ့ဖြိုးသေးဘူး။ ဒါပေမယ့် အခြားဒေသတွေနဲ့ ယှဉ်လိုက်မယ်ဆိုရင် သဘာဝ အရင်းအမြစ်တွေ သစ်တောတွေက အများကြီးကျန်သေးတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးရေးစီမံကိန်း အစီအစဉ်အသစ်နဲ့ဆိုရင် ရင်းနှီးမြှုပ်နှံမှုတွေ အများကြီး ဖိတ်ခေါ်လို့ရမယ်၊ လူထုအခြေပြုခရီးသွားလုပ်ငန်းကိုလည်း ဖော်ဆောင်လို့ရမယ်။ နောက်ပြီး ဒေသခံကုမ္ပဏီ တွေကိုလည်း တိုးတက်စေနိုင်မယ် "ဟု ပြောကြားခဲ့သည်။

စီမံကိန်း၏ အစီအစဉ်တစ်ရပ်အနေဖြင့် ဒေသအတွင်း အခြေခံအဆောက်အဦး များကို တိုးမြှင့်ဆောက်လုပ် သွားမည်ဖြစ်ပြီး လမ်းတံတားများ၊ ဆေးရုံဆေးခန်းများ၊ အခမဲ့စာကြည့်တိုက်များနှင့် ပြည်သူ့ဈေးဆိုင်များ ဆောက်လုပ်ပေးသွားမည် ဖြစ်သည်။

သို့သော်လည်း စီမံကိန်းကို ကတိဝတ်အတိုင်း လုပ်ဆောင်မည် မလုပ်ဆောင် မည်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေရဆဲ ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်း

ရင်းနှီးမြှုပ်နှံမှုများအနေဖြင့်
အံဒင်ကျေးရွာတွင် တည်ဆောက်မည့်
ကျောက်မီးသွေးစွမ်းအင်သုံး
လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်
ရေးမြို့နယ်အနံ့အပြားရှိ
သတ္တုတူးဖော်ရေး လုပ်ငန်းများကို
လုပ်ဆောင်ထားပြီးဖြစ်သည်။
ရေးမြို့နယ်တွင် ပင်လယ်ကမ်းခြေများနှင့်
ကျွန်းငယ်များ အများအပြား
တည်ရှိနေသောကြောင့်
ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော
ရင်းနှီးမြှုပ်နှံမှုများ
ပြုလုပ်ရန်အတွက်လည်း
စိတ်ဝင်စားလာကြသည်။

> ဤဒေသရှိ မြေယာအများစုသည် မိရိုးဖလာပိုင်ဆိုင်မှုအရ သားစဉ်မြေးဆက် လက်ဆင့်ကမ်း လွှဲပြောင်းလာသော ပိုင်ဆိုင်မှု မျိုးသာဖြစ်သည်။ မြေပိုင်ရှင် အများစုတွင် မြေယာ အသုံးပြုခွင့် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော မြေယာပိုင်ဆိုင်မှု အထောက်အထားကမရှိ သဖြင့် နောက်ထပ် မြေယာ (မတရား) ရယူမှုများ ဖြစ်ပွားလာမည်ကို စိုးရိမ်နေရသည်။

လူထုအခြေပြုခရီးသွားလုပ်ငန်း စသည့် ဝေါဟာရများသည် ရေးမြို့နယ်ကို ခရီးသွားလုပ်ငန်း၏ ဆိုးကျိုးများမှ ကာကွယ်ထိန်းသိမ်းရန်ထက် စီမံကိန်းဖြစ်မြောက်ရန်အတွက် အသုံးပြုသော လတ်တလော လူကြိုက်များသည့် စည်းရုံးရေးဝေါဟာရများ ဖြစ်နေမည်ကို သံသယရှိနေကြသည်။

ထိုင်းနိုင်ငံတွင် အောင်မြင်နေသော လူထုအခြေပြုခရီးသွားလုပ်ငန်း ကဲ့သို့သော စီမံကိန်းကို အကောင်အထည်ဖော်ခြင်းထက် ဒေသခံလူထုအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းဖြင့်သာ လမ်းဆုံးသွားမည်ကို စိုးရိမ်နေရသည်။

## ဒေသခံပြည်သူတို့၏ စိုးရိမ်ပူပန်မှုများ

အထက်ပါပြောဆိုခဲ့သော စိုးရိမ်မှုများအပြင် Aurum Company Limited ကလည်း ကဗျာဝကမ်းခြေရှိ မြေနေရာများကို ကျင့်ဝတ်နှင့်မလျော်ညီစွာ ရယူခဲ့သဖြင့် သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို အကြောင်းပြပြီး အမြတ်ထုတ်မှုများဖြစ်လာမည်ကို ဒေသခံများက စိုးရိမ်နေကြသည်။

Aurum Company Limited က မြေနေရာများရယူရာတွင် မွန်ပြည်နယ် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ပြောဆိုထားသည်။ သို့သော် စီမံကိန်းနေရာရှိ မြေယာများကို ဒေသခံလူထုကသာ အများဆုံးပိုင်ဆိုင်ထားပြီး ယင်းမြေပေါ်တွင် ကွမ်းသီးခြံလုပ်ငန်းနှင့် အခြားဒေသသီးနှံများ စိုက်ပျိုးခြင်းကို လုပ်ကိုင်နေကြသည်။

ဤဒေသရှိ မြေယာအများစုသည် မိရိုးဖလာပိုင်ဆိုင်မှုအရ သားစဉ်မြေးဆက် လက်ဆင့်ကမ်း လွှဲပြောင်းလာသော ပိုင်ဆိုင်မှုမျိုးသာ ဖြစ်သည်။ မြေပိုင်ရှင်အများစုတွင် မြေယာအသုံးပြုခွင့် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော မြေယာပိုင်ဆိုင်မှု အထောက်အထားကမရှိသဖြင့် နောက်ထပ် မြေယာ (မတရား) ရယူမှုများ ဖြစ်ပွားလာမည်ကို စိုးရိမ်နေရသည်။

ခေါဇာဒေသသည်အစိုးရထက် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဩဇာအာဏာ ပိုမိုသက်ရောက်သော အမည်းရောင်နယ်မြေအဖြစ် နှစ်ပေါင်းများစွာ သတ်မှတ်ခံထားရသဖြင့် ယင်းဒေသရှိ ပြည်သူများတွင် မြေယာပိုင်ဆိုင်မှု အထောက်အထား မရှိချေ။

''သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို အကြောင်းပြပြီး အလွဲသုံးစားမှုတွေ ဖြစ်လာမှာကို ကျွန်တော်စိုးရိမ်တယ်။ ဥပမာအနေနဲ့ပြောရရင် မြေအတော်များများကို ဒီကလူတွေ ပိုင်ထားတယ်။ ဒါပေမယ့် တခြားဒေသမှာရှိတဲ့ စီမံကိန်းတွေလိုပဲ ကုမ္ပဏီနဲ့ အာဏာပိုင်တွေ ပေါင်းပြီးတော့ မြေသိမ်းမှုဖြစ်လာမှာကို ကျွန်တော်ကကြောက်တာ။ ဒီလို ချိုးဖောက်မှုတွေ ဖြစ်လာမယ်ဆိုရင် ဒေသခံတစ်ယောက်အနေနဲ့ ကျွန်တော်တို့ အခွင့်အရေးကို ကာကွယ်ရမှာပဲ''ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရတစ်ဦးဖြစ်သူ မင်းဇေယျာလွင်က ပြောပါသည်။

သီဟိုဠ်သရက်နှင့် အခြားဒေသသီးနှံခြံပိုင်ရှင်တစ်ဦးဖြစ်သူ ကျုံညဲရွာသားတစ်ဦးက ''ရေးက အချို့လူတွေနဲ့ပေါင်းပြီးတော့ Aurum Company Limited က စီမံကိန်းကို လုပ်တာ။ ပြည်နယ်အစိုးရလည်း ရှယ်ယာ (ရင်းနှီးမြှုပ်နှံမှုမှာ) ပါတယ်။ ကျွန်တော်စိုးရိမ်တာက အစိုးရနဲ့ ကုမ္ပဏီပေါင်းလုပ်မယ်ဆိုရင် ကျိုက်မရောမှာလိုပဲ မမျှတတဲ့လျော်ကြေးပေးတာတွေ ဖြစ်လာမှာကိုပဲ။ (ကျိုက်မရောတွင် ဘိလပ်မြေစက်ရုံအတွက် မြေသိမ်းယူမှု ဖြစ်ပွားခဲ့ပြီး လျော်ကြေးငွေအနည်းငယ်သာ ပေးခဲ့သည်) ဒီဒေသကလူတွေက ဗမာစကား မပြောတတ်ဘူး။ ဒီက (မြေယာ) အရင်းအမြစ်တွေသုံးပြီး အသက်မွေးမှုကို ရိုးရိုးရှင်းရှင်း လုပ်နေတဲ့သူတွေ။ စီမံကိန်းဖြစ်ပြီး ဘာမှမကျန်တော့မှာကို ကျွန်တော် စိုးရိမ်တယ်''ဟု ပြောသည်။

ချင်းမိုင်တက္ကသိုလ် စီးပွားရေးဌာနပေါင်းစုမှ Dr Manot Potoporn က စိုးရိမ်ပူပန်မှုများနှင့် ပတ်သက်၍ နည်းပညာရှုထောင့်မှ ပြောကြားခဲ့သည်။

''မြေသိမ်းတာက ပြဿနာတစ်ခုအနေနဲ့ ဖြစ်လာမှာပဲ။ ဒါကလည်း နိုင်ငံရေးသဘော သဘာဝအရပဲ။ အရင်က ဆိုရှယ်လစ်စနစ်ကျင့်သုံးခဲ့တဲ့နိုင်ငံတွေမှာ ဈေးကွက်ပိုင်းဆိုင်ရာတွေ သိပ်မဖွံ့ဖြိုးဘူး။ အာဏာရထားသူတွေက မြေယာကို ဝယ်ယူတာထက် သိမ်းယူတာကို ပိုလုပ်တယ်။ မြန်မာနိုင်ငံက တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တယ်။ ပြီးတော့ တိုင်းရင်းသားအချင်းချင်းကြားမှာ ဆက်ဆံရေးပြေလည်ဖို့ ပြန်လည်လုပ်ဆောင်ရမှာတွေလည်း ရှိတယ်။ စီမံကိန်းကြောင့် ဆုံးရှုံးနစ်နာမယ့်သူတွေကို မျှတတဲ့ လျော်ကြေးတွေ ပေးချေဖို့လိုပါတယ်။ စီမံကိန်းဒေသမှာ အဆိုးကျိုးတွေဖြစ်မလာစေဖို့

အကောင်းကျိုးနဲ့ အဆိုးကျိုးကို သေချာချိန်ဆပြီး လုပ်ဆောင်ဖို့လိုပါတယ်''ဟု ပြောကြားခဲ့သည်။

နောင်တစ်ချိန်တွင် မြေယာ (မတရား) ရယူမှုများ ဖြစ်ပွားလာမည်ကို ဒေသခံပြည်သူများက ယခုအချိန်တွင် စိုးရိမ်နေကြသည်။ ယင်းအပြင် စီမံကိန်းကြောင့် ရိုးရာယဉ်ကျေးမှု ထိခိုက်ပျက်စီးမည်ကို ဒေသခံများက ပူပင်သောကရောက်နေကြောင်း အသက် (၄၀) အရွယ်ရှိ ကျုံညဲရွာသား နိုင်စိုးနိုင်က အောက်ပါအတိုင်း ပြောပြခဲ့သည်။

''ကျွန်တော့်အတွေ့အကြုံအရ ပြောရမယ်ဆိုရင် စီးပွားရေးဖွံ့ဖြိုးဖို့ ခရီးသွားတွေကို ဆွဲဆောင်ဖို့အတွက် ထိုင်းနိုင်ငံက အမျိုးသမီးတွေဟာ လိင်အလုပ်သမတွေ ဖြစ်သွားကြတယ်။ လူကြိုက်များတဲ့ နိုင်ငံခြားက ယဉ်ကျေးမှုတွေ ရောက်လာရင် ဒီကရိုးရာဓလေ့တွေကို ထိခိုက်မယ်။ ထိုင်းမှာဖြစ်နေတာတွေကိုမြင်ပြီး ကျွန်တော်စိတ်မသက်သာဘူး။ အဲလိုစီမံကိန်းတွေ ဖြစ်လာရင် ကျွန်တော်တို့ဒေသအတွက်လည်း စိုးရိမ်တယ်။ ကျွန်တော့်အမြင်ကတော့ အစိုးရအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို မဖိတ်ခေါ်ခင်မှာ ကိုယ့်ဒေသမှာရှိတဲ့ ပြည်သူတွေ ခေတ်ပေါ်ယဉ်ကျေးမှုလွှမ်းမိုးတာ မခံရအောင် အရင်ကာကွယ်ထားသင့်တယ်''ဟု ပြောပါသည်။

## ရေးမြို့နယ်၏ အနာဂတ်က ဘာလဲ

အရင်းရှင်စီးပွားရေးစနစ်တွင် ဈေးကွက်စနစ်နှင့် အစိုးရ၏ အခြေခံအကျဆုံး ရည်ရွယ်ချက်မှာ ကောင်းမွန်သော စီးပွားရေးစနစ်တည်ဆောက်ရန်နှင့် အမြတ်အစွန်းများ တိုးပွားရန်ဖြစ်သည်။ သို့သော် ဒေသခံပြည်သူတို့၏ လူမှုဘဝနှင့် သဘာဝအရင်းအမြစ်များကို ထိခိုက်ပျက်စီးစေပါက အန္တရာယ်ဖြစ်လာမည်ဖြစ်သည်။ ထိုင်းနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ခရီးသွားလုပ်ငန်းက လူမှုရေးဆိုင်ရာ တာဝန်ယူတာဝန်ခံမှုများ ရှိနေသည့်ပြင် အကျိုးအမြတ်များစွာ ဖြစ်ထွန်းနေသောကြောင့် ၎င်းပုံစံအတိုင်း မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လုပ်ဆောင်ရန်မှာလည်း ဖြစ်နိုင်ချေနည်းပါးလှသည်။

အစိုးရသာမက ပုဂ္ဂလိကကုမ္ပဏီများပါ ပွင့်လင်းမြင်သာမှုမရှိသော မြန်မာနိုင်ငံအတွက် စစ်မှန်သော သဘာဝပတ်ဝန်းကျင် ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ရန်မှာ များစွာ ခက်ခဲလှသည်။ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်းများ မြောက်မြားစွာ ရှိနေသော်လည်း တိကျသေချာသော သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းဗျူဟာ မရှိသေးချေ။ ရေးမြို့နယ်ကဲ့သို့သော ဒေသများတွင် ဒေသခံပြည်သူကို ကာကွယ်ပေးလိုပါက နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းပေါင်းစုံနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်သည်။ အစိုးရအဖွဲ့အစည်းများအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသင်းအဖွဲ့များနှင့် သက်ဆိုင်ရာ အခြားသောအဖွဲ့အစည်းများကိုပါ ပါဝင်ခွင့် ပေးအပ်ရမည် ဖြစ်သည်။

လူ့သဘောသဘာဝအရ နယ်မြေဒေသအသစ်သို့ သွားရောက်လည်ပတ်လိုကြသည်။ လှပသော သဘာဝပတ်ဝန်းကျင်ကို ခံစားလိုကြသည်။ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာလိုကြသည်။ သဘာဝအရင်းအမြစ်များနှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ရန်မှာ အဖွဲ့အစည်းအားလုံးအတွက် အရေးကြီးဆုံးသော တာဝန်ဝတ္တရားဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ရေးမြို့နယ် ခေါဇာဒေသတွင် ခရီးသွားလုပ်ငန်းစီမံကိန်း လုပ်ဆောင်မည်ဆိုပါက ဒေသခံပြည်သူက မျှော်လင့်ထားသော ဒေသခံလူထုအကျိုးကို ဖြစ်ပွားစေသော သဘာဝပတ်ဝန်းကျင်ခရီးသွားလုပ်ငန်းစစ်စစ် အမှန်တကယ် ဖြစ်လာမည်လောဆိုသည်ကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာနေရမည်သာ ဖြစ်သည်။

> ကျွန်တော့်အတွေ့အကြုံအရ ပြောရမယ်ဆိုရင် စီးပွားရေးဖွံ့ဖြိုးဖို့ ခရီးသွားတွေကို ဆွဲဆောင်ဖို့အတွက် ထိုင်းနိုင်ငံက အမျိုးသမီးတွေဟာ လိင်အလုပ်သမတွေ ဖြစ်သွားကြတယ်။ လူကြိုက်များတဲ့ နိုင်ငံခြားက ယဉ်ကျေးမှုတွေ ရောက်လာရင် ဒီကရိုးရာဓလေ့တွေကို ထိခိုက်မယ်။ ထိုင်းမှာ ဖြစ်နေတာ တွေကိုမြင်ပြီး ကျွန်တော် စိတ်မသက်သာဘူး။
>
> နိုင်စိုးနိုင်
> ကျုံညဲရွာသား

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ပေါက်လာရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့်ထားရှိကာ ထူထောင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော လူ့အခွင့်အရေးအဖွဲ့တဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ဝန်ထမ်းများ ဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသား လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျှက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာစေရန် လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အစီရင်ခံစာများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျှက်ရှိသည်။ မွန်လူထုအသံဟူသော လူ့အခွင့်အရေးစာစောင်ကို ပုံမှန်ထုတ်ဝေလျှက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျှက် ရှိသည်။

### ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

### ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့သိရှိနိုင်စေရန်။
(၂) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်။
(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူမိတ်ဆွေများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျှက်ရှိသည်။ သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ် စိစစ်အတည်ပြုမှုများ ဆောင်ရွက်နေရသဖြင့် အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက စာဖတ်သူ မိတ်ဆွေများအနေဖြင့် နားလည်ပေးစေလိုကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ပန်ကြားအပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်ဖြစ်စေ၊ စာစောင်များအား လက်ခံရယူလိုလျှင်ဖြစ်စေ အောက်ပါလိပ်စာအတိုင်း လိပ်မူပြီး ပေးပို့တောင်းခံနိုင်ပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org
The official website of Human Rights Foundation of Monland
www.rehmonnya.org

Human Rights Foundation of Monland - Burma
P.O Box 35,
Sangkhlaburi Post Office, Kanchanaburi 71240,
Thailand.

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်



# နေ့စားအလုပ်သမားရှားပါးခြင်းကြောင့် ကမာဝက်လယ်သမားများ၏ လယ်ယာလုပ်ငန်းအားနည်း

ဇူလိုင် ၂၄၊ ၂၀၁၅

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက် မြို့နယ်ခွဲတွင် နေ့စား အလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်သူ ရှားပါးလျက်ရှိကြောင်း ဒေသခံ လယ်သမားများ၏ ပြောကြားချက်အရ သိရှိရသည်။ အလုပ်သမား ရှားပါးခြင်းပြဿနာကို ဖြေရှင်းရန်အတွက် လယ်သမားများအနေဖြင့် အထွက်နှုန်းကျဆင်းစေသည့် စိုက်ပျိုးရေးစနစ်ကို အသုံးပြုနေရကြောင်း လည်း သိရသည်။

ကမာဝက်မြို့နယ်ခွဲ ကလော့သော့ကျေးရွာမှ နိုင်နေဝင်းက ယခုနှစ်ပိုင်းအတွင်း နေ့စားအလုပ်သမားများ ရှားပါးလျက်ရှိကြောင်း၊ စားဝတ်နေရေး အလွန်ခက်ခဲသောလူများသာ နေ့စားအလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်ကြကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ်များတွင် ရန်ကုန်၊ ပဲခူးမှ အလုပ်သမားများက မိုးရာသီတွင် မွန်ပြည်နယ်သို့ပြောင်းရွှေ့လာကြပြီး နေ့စား အလုပ်သမား အဖြစ် အလုပ်လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအခါတွင် ထိုကဲ့သို့ လုပ်ကိုင်သူရှားပါးသွားပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောပါသည်။

အခြားဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ် ပေါက်လာခြင်းနှင့် နေ့စားအလုပ်သမားများ၏ လုပင်္ခခဝင်ငွေ တိုးတက် လာမှု မရှိခြင်းတို့ကြောင့် နေ့စားလုပ်ကိုင်သူ ရှားပါးလာခြင်းဖြစ်သည်။ နေ့စားအလုပ်သမားတစ်ဦးလျှင် အမျိုးသား (၅၀၀၀) ကျပ်၊ အမျိုးသမီး (၄၀၀၀) ကျပ် ပေးချေကြောင်း သိရသည်။

ဒေသခံလယ်သမားတစ်ဦး၏ ပြောကြားချက်အရ နေ့စား အလုပ်သမား ရှားပါးလာခြင်းက ကမာဝက်ဒေသကို များစွာဒုက္ခ ရောက်စေကြောင်း၊ အလုပ်သမားမရှိခြင်းကြောင့် ရှိသမျှလယ်ကွေ အားလုံးတွင် စိုက်ပျိုးမှုမပြုလုပ်နိုင်ကြောင်း၊ အလုပ်သမားအင်အား အနည်းငယ်သာ အသုံးပြုရသော အထွက်နှုန်းနည်းသည့် စိုက်ပျိုးနည်း ကို အသုံးပြုနေရကြောင်း သိရသည်။

နေ့စားအလုပ်သမားများပြားသော ယခင်အချိန် ကာလ တွင် စပါးပျိုးပင်များကို နှုတ်ယူပြီး စနစ်တကျပြန်လည်စိုက်ပျိုးသော (အထွက်နှုန်းများသည့်) စနစ်ကို အသုံးပြုနိုင်သော်လည်း ယခုကဲ့ သို့အလုပ်သမားရှားပါးချိန်တွင် အထွက်နှုန်းနည်းပါးသည့် လယ်မြေ တွင်တိုက်ရိုက်မျိုးစေ့ကြဲသည့် စနစ်ကိုသာ အသုံးပြုနေရသည်။

''အခုအချိန်မှာတော့ (၁၀) ကေလောက်ပဲ ကျွန်တော် စိုက်နိုင်တော့တယ်။ အရင်ကတော့ ရှိသမျှကေတွေ အကုန်စိုက် တာပေါ့ဗျာ။ ဒီနှစ်တော့ ကိုယ့်ဟာကိုယ် တစ်ဝက်စိုက်၊ ကျန်တစ် ဝက်ကို အလုပ်သမားငှား အဲလိုလုပ်နေရတယ်။ ကုန်ကျစရိတ်တွေ အကုန်လုံးနှုတ်လိုက်ရင် ကျွန်တော့်မှာ စပါးတန်ချိန် (၁၀၀) လောက်ပဲ ကျန်တယ်။ စပါးစိုက်တာက ဝင်ငွေကောင်းတဲ့အလုပ် မဟုတ်တော့ ဘူး။ ဒီနှစ်မှာ အချိန်အများကြီးပေးပြီးတော့လည်း လုပ်ရတယ်။ ဒါကြောင့် တစ်ချို့လယ်သမားတွေက သူတို့လယ်တွေကို ပစ်ပြီး ထိုင်းမှာ အလုပ်သွားလုပ်ကြတာ။ တစ်ချို့လယ်သမားတွေက လယ်မ လုပ်ချင်တော့ သူတို့လယ်တွေကို တစ်ခြားသူတွေဆီ ရောင်းလိုက် ကြတယ်''ဟု နိုင်နေဝင်းက ပြောပြပါသည်။